ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်၊ စနေနေ့ (14-12-2013) (၇၆၉၄)

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## လေဖိအားနည်းရပ်ဝန်း အိန္ဒိယနိုင်ငံသို့ ဝင်ရောက်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ယနေ့နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေသို့ ရွေ့လျားဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

(ကြေးမုံ)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ ဘုရင်နှင့် မိဖုရားတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုလက်ဖက်ရည်ပွဲသို့ တက်ရောက်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံဝန်ကြီးချုပ်နေအိမ်၌ ကျင်းပသည့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့်ဇနီးတို့က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒီဇင်ဘာ ၁၃ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ဂျပန်နိုင်ငံ ဘုရင့်နန်းတော်၌ နှစ်(၄၀)ပြည့် အာဆီယံ-ဂျပန်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ဂျပန်-မဲခေါင် ထိပ်သီးအစည်းအဝေးများ တက်ရောက်လာကြသည့် အာဆီယံခေါင်းဆောင်များနှင့်ဇနီးများအား ဂျပန်နိုင်ငံ ဘုရင် Akihito နှင့် မိဖုရား Michiko Shoda တို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုလက်ဖက်ရည်ပွဲသို့ တက်ရောက်သည်။

အဆိုပါ ဂုဏ်ပြုလက်ဖက်ရည်ပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်ဆူလ်တန် ဟာဂျီဟာဆာနာ ဘိုကီးယားမူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့် ဇနီး၊ အင်ဒိုနီးရှားနိုင်ငံသမ္မတ ဒေါက်တာဆူစီလိုဘမ်ဘန်းယူဒိုယိုနိုနှင့် ဇနီး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်နှင့် ဇနီး၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတွတ်ဆရီ မိုဟာမက်နာဂျစ်ဘင်တွန်းအဗ္ဗဒူလ်ရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာဘီနင်နို အကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းနှင့်ဇနီး၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် ဇနီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂျပန်နိုင်ငံ ဘုရင်နှင့် မိဖုရားတို့က Imperial Palace ၌ ဧည့်ခံပွဲသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများအား ခင်မင်ရင်းနှီးစွာကြိုဆိုနှုတ်ဆက်ကြပြီး ဂုဏ်ပြုလက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် ဂျပန်နိုင်ငံဝန်ကြီးချုပ်နေအိမ်၌ ကျင်းပသည့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့်ဇနီးတို့က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံနိုင်ငံခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့သည်။

**စာမျက်နှာ ၄ ကော်လံ ၃ သို့ ☆**

# ကနူး၊ ကယက် လှေလှော်အမျိုးသမီးလေးယောက်တွဲ မြန်မာရွှေတံဆိပ်ဆုရရှိ

သတင်းနှင့်ဓာတ်ပုံ
အေးမောင်(ကျိုင်းတုံ)

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ငလိုက်ဆည်တွင် ကျင်းပလျက်ရှိသော ကနူး၊ ကယက်လှေလှော်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ဆက်လက်ကျင်းပသည်။ အမျိုးသားတစ်ဦးချင်း ကနူး မီတာ ၂၀၀ လှေလှော်ပြိုင်ပွဲ Heat(1)အဖြစ် စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ လေးနိုင်ငံနှင့် Heat(2)အဖြစ် ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင် လေးနိုင်ငံယှဉ်ပြိုင်ကစားကြပြီး ဗိုလ်လုပွဲတွင် ထိုင်းက(ပထမ)ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ အင်ဒိုနီးရှားက (ဒုတိယ)ငွေတံဆိပ်ဆုကို လည်းကောင်း၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံအသင်းတို့က (တတိယ)ကြေးတံဆိပ်ဆုများကို လည်းကောင်း အသီးသီးရရှိကြသည်။

အမျိုးသမီးတစ်ဦးချင်း ကယက်လှေလှော်ပြိုင်ပွဲ မီတာ ၂၀၀ တွင် အင်ဒိုနီးရှား၊ ထိုင်း၊ မြန်မာ၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ် ခြောက်နိုင်ငံယှဉ်ပြိုင်ရာတွင် အင်ဒိုနီးရှားက (ပထမ)ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ ထိုင်းက(ဒုတိယ) ငွေတံဆိပ်ဆုကိုလည်းကောင်း၊ မြန်မာက(တတိယ)ကြေးတံဆိပ်ဆုကိုလည်းကောင်း ရရှိကြသည်။

အမျိုးသားတစ်ဦးချင်း ကယက်လှေလှော် မီတာ ၂၀၀ ပြိုင်ပွဲတွင် မြန်မာ၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ထိုင်း ခြောက်နိုင်ငံ ယှဉ်ပြိုင်ကစားရာတွင် ထိုင်းနိုင်ငံက (ပထမ)ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ အင်ဒိုနီးရှားက(ဒုတိယ)ငွေတံဆိပ်ဆုကို လည်းကောင်း၊ ဗီယက်နမ်က (တတိယ) ကြေးတံဆိပ်ဆုကိုလည်းကောင်း အသီးသီးရရှိကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**



အမျိုးသမီး ကနူး လေးယောက်တွဲ မီတာ ၂၀၀ ပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆုယူအပြီး မြန်မာအသင်းကို တွေ့ရစဉ်။



ကြေးမုံ စာ တည်း ရှု ထောင့် ၁၄-၁၂-၂၀၁၃၊ စနေနေ့

# အပူပိုင်းစိမ်းလန်းစိုပြည်

ကျွန်ုပ်တို့နိုင်ငံတစ်ဝန်းတွင် တောင်ပေါ်မြေပြန့်၊ လေကွယ်လေတင်စသည့်အရပ်ဒေသတို့၏ ပကတိအခြေအနေကိုလိုက်၍ အပူ၊ အအေး၊ မိုးနည်း၊ မိုးများကွာခြားမှုရှိသည်။ ထိုကွာခြားမှုကို ညီမျှစေဖို့ အမိဧရာဝတီက စွမ်းဆောင်ပေးနိုင်ပါသည်။ ၁၅၆၈ ကီလိုမီတာရှည်လျားသော ဧရာဝတီသည် အမိနိုင်ငံ၏မြောက်ဖျား ရေခဲတောင်ပေါ်မှ မြစ်ဖျားခံပြီး အေးမြသောရေကြည်များကို သယ်ဆောင်လာသည်။

ထိုသယ်ဆောင်လာသော ရေကြည်များကို နိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသများတွင် ဖြန့်ဝေပေးသည်။ ဧရာဝတီမှရေကြည်သည် ဧရာဝတီအလယ်ပိုင်းမြစ်ဝှမ်းဒေသများကို ယနေ့ထက်တိုင် အကျိုးပြုလျက်ရှိသည်။ သို့သော် သက်တမ်းရှည်ကြာလာမှုနှင့်အတူ ယိုယွင်းပျက်စီးမှုများကြောင့် ဧရာဝတီသည် တာဝန်မကျေပွန်သကဲ့သို့ ဖြစ်လာရသည်။

ထို့ကြောင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်စေရန် သစ်တောသစ်ပင်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းကို အရေးတကြီးဆောင်ရွက်ကြရတော့မည်။ ထိုသို့ဆောင်ရွက်ရာတွင် အမိဧရာဝတီလှပရေးနှင့် သစ်တောသစ်ပင်ဖွံ့ဖြိုးတိုးတက်ရေးသည် ဒွန်တွဲနေသည်။ သစ်တောသစ်ပင်ဖွံ့ဖြိုးမှ အမိဧရာဝတီအလှတိုးမည်။

သစ်တောသစ်ပင်တို့သည် မြေဆီလွှာကို ထိန်းသိမ်းပေးသည်။ ရေအရင်းအမြစ်ကို စုစည်းပေးသည်။ တမာ၊ ထနောင်းစသည့် အပူပိုင်းသစ်ပင်များက အေးမြသည့်အရိပ်အာဝါသအပြင် ဒေသ၏သဘာဝပတ်ဝန်းကျင်ကိုပါ ထိန်းညှိပေးသည်။

ယခုနှစ်မိုးနှောင်းရာသီ မုတ်သုံမိုးသည် အပူပိုင်းဒေသကို အထောက်အကူပြုခဲ့သည်။ မုတ်သုံဆုတ်ခွာစကာလ၌ မိုးနည်းရပ်ဝန်းပေါ်တွင် မိုးသည်းသည်းမဲမဲ ရွာသွန်းဖြိုးခဲ့သည့်အတွက် အပူပိုင်းဒေသ စိမ်းလန်းခဲ့သည်။ ထိုမျှမက ဧရာဝတီကမ်းနှစ်ဖက် ရေပြည့်လျှံထွက်ခဲ့သည်။ ရေအကျိုးနှင့်ရေဒုက္ခ ဒွန်တွဲဖြစ်သည်မှာ နှစ်စဉ်လိုဖြစ်သည်။

ထို့ကြောင့် အပူပိုင်းဒေသ သဘာဝပတ်ဝန်းကျင် မျှခြေဖြစ်အောင် သစ်တောသစ်ပင်များကို ပြုစုပျိုးထောင် စိုက်ပျိုးကြရမည်။ သဘာဝတရားအလိုအရ သက်ရှိနှင့်သက်မဲ့ဝန်းကျင်တို့သည် အပြန်အလှန်အကျိုးပြုလျက် ညီညွတ်သည့် မျှခြေတွင်တည်ရှိနေမှသာ ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးသော ပတ်ဝန်းကျင်နှင့် သစ်ပင်များ ဖွံ့ဖြိုးနေမည်ဖြစ်သည်။

အပင်အနိမ့်အမြင့်တို့သည် သူ့နေရာနှင့်သူ နေရောင်ခြည်ကို မျှဝေသုံးစွဲရင်း မြေလွှာပြင်ကို နေမခရအောင် အကာအကွယ်ပေးသည်။ အေးမြသောအရိပ်သည် မြေဆီလွှာအစိုဓာတ်ကို ထိန်းသိမ်းပေးသည်။ လေပြင်းနှင့်မြေလွှာတိုက်စားမှုကိုလည်း အကာအကွယ်ပေးသည်။

သစ်ပင်၏ ရေသောက်မြစ် အတိုအရှည်တို့သည် မြေဆီလွှာမှ ရေစုပ်ယူသုံးစွဲမှုကို မျှတစေသည်။ အမြစ်ဖြန့်ကြက်မှုအဝန်းအဝိုင်းသည် မြေဆီလွှာတိုက်စားမှုကို ထိန်းညှိပေးသည်။ သစ်ရွက်ကြွေများကလည်း မြေဆီလွှာရေတိုက်စားမှုကို ခုခံကာကွယ်ပေးရင်း သစ်ပင်များကို မြေဩဇာပြန်ကျွေးသည်။ ထိုသို့အပြန်အလှန် အလုပ်အကျွေးပြုခြင်းသည် မြစ်ကြောင်းကိုသာမက ပတ်ဝန်းကျင်ကိုပါလှပစေသည်။

ယနေ့မြစ်ကြောင်းကြီး တိမ်ကောနေခြင်းမှာ သစ်ပင်သစ်တောများ ယိုယွင်းခဲ့၍ မြေလွှာကို မထိန်းသိမ်းနိုင်ဘဲ ရွေ့လျားလာသော မြေမှုန်၊သဲမှုန်၊ ကျောက်မှုန်များ မြစ်အတွင်းသို့ စုပုံလာခြင်းဖြစ်သည်။ သာဓကအားဖြင့် ပုဂံညောင်ဦးဒေသ၏ တစ်နေရာတွင် ကုန်းမြေမှ အတားအဆီးမဲ့ စီးဆင်းနေသော သဲချောင်းရိုးသည် ဧရာဝတီမြစ်အတွင်းသို့ ဝင်ရောက်နေသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။

လူသားတို့ကို အကျိုးပြုနေသော ဧရာဝတီမြစ်ကြီး မတိမ်ကောစေရန်အတွက် အလယ်ပိုင်းဒေသမှ အပူပိုင်းသစ်တောသစ်ပင်များကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပျိုးထောင်ခြင်းဖြင့် မြေဆီလွှာများ မပျက်ယွင်းအောင် လူတိုင်းဆောင်ရွက်ကြရမည်။ သို့မှသာ မြန်မာပြည်အလယ်ပိုင်း စိမ်းလန်းစိုပြည်ပြီး ဧရာဝတီမြစ်ကြီးလည်း သာယာလှပလာမည်ဖြစ်ပါသည်။ ။

# လူအချင်းချင်း ဆက်သွယ်ပြောဆိုခြင်းသင်တန်းလက်စွဲစာအုပ်မိတ်ဆက်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်းကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်၊ လူအချင်းချင်းဆက်သွယ်ပြောဆိုရာ၌ ကျွမ်းကျင်မှုရှိရန်လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော **အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် လူအချင်းချင်း ဆက်သွယ်ပြောဆိုခြင်းသင်တန်းလက်စွဲစာအုပ်** မိတ်ဆက်ခြင်းအခမ်းအနားတွင် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်ကို အကောင်အထည်ဖော်မည့်နည်းနာ (၃)ရပ်တွင်ပါဝင်သည့် ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်းနှင့် ရောဂါဖြစ်ပွားလျှင် ထိရောက်စွာကုသမှုပေးခြင်း၊ နည်းလမ်းအရ ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးပညာပေးခြင်းကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် လူအချင်းချင်း ပြောဆိုဆက်သွယ်ခြင်း၌ ကျွမ်းကျင်မှုရှိရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် ယူနီဆက်(မြန်မာ)တို့ ပူးပေါင်းပြီး လူအချင်းချင်း ဆက်သွယ်ပြောဆိုခြင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ အဆင့်ဆင့်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပြီး ထိုသင်တန်းတွင် အသုံးပြုရန်အတွက် ယခုမိတ်ဆက်သည့် လက်စွဲစာအုပ်ကို ပူးပေါင်းပြုစုခဲ့ကြောင်း၊ ပြည်သူလူထုကို ကျန်းမာရေးအသိပညာထိရောက်စွာပေးနိုင်ရန်အတွက် အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ လူတစ်ဦးချင်းဆက်သွယ်ရာ၌ ကျွမ်းကျင်မှုအရည်အသွေးကို မြှင့်တင်ရန် ယခုလက်စွဲစာအုပ်က များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ဆက်သွယ်ပြောဆိုရာတွင် မိမိဆက်သွယ်ပြောဆိုမည့်ဦးတည်အုပ်စုကိုမူတည်၍ ကိုက်ညီအောင် ပြောင်းလဲပြောဆိုသင့်ကြောင်း၊ မိမိပညာပေးလိုသော အကြောင်းအရာကို ပရိသတ်စိတ်ဝင်စားအောင် ပရိသတ်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များနှင့် ဆွဲဆောင်ပြောဆိုရမည်ဖြစ်ကြောင်း၊ ဆက်သွယ်ပြောဆိုမှု ကောင်းချင်လျှင် သူများပြောသည်ကိုလည်း ကောင်းကောင်းနားထောင်သည့်လူဖြစ်ရန်လိုအပ်ကြောင်း၊ ယင်းစာအုပ်ကို အသုံးပြုကာ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများမှတစ်ဆင့် မိသားစုများနှင့် ပြည်သူလူထု အားလုံးအတွက် အဓိကအရေးပါသော ကျန်းမာရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့ပိုင်ဆိုင်ထားသော အရည်အချင်း၊ အရည်အသွေးများနှင့် ပစ္စည်းများကို မျှဝေသုံးစွဲကာ ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသာမက ပြည်သူလူထုကိုယ်တိုင် ကျန်းမာရေးအသိပညာများ ပြည့်ဝကာ မိမိတို့၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို မိမိတို့ကိုယ်တိုင် ဆောင်ရွက်မှ အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ယူနီဆက်(မြန်မာ)မှ Communication for Devel - opment ဌာနမှူး Mr. Suleman Malik က နှုတ်ခွန်းဆက်စကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး (ကျန်းမာရေးပညာ) ဒေါက်တာလှမြသွေးကဏ္ဍာက လူအချင်းချင်းဆက်သွယ်ပြောဆိုခြင်း သင်တန်းလက်စွဲစာအုပ်တွင် ပါဝင်သည့် အကြောင်းအရာများနှင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ယူနီဆက်မြန်မာတို့ ရှေ့ဆက်၍ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(သတင်းစဉ်)**

# ယာဉ်အိုယာဉ်ဟောင်းများ ၆၂၉၈၈ စီး အပ်နှံပြီး

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ကညန) တိုင်းဦးစီးမှူးရုံး၏ ယာဉ်အိုယာဉ်ဟောင်းအပ်နှံပြီး အစားထိုးယာဉ်များတင်သွင်းရေးစီမံချက်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်း “အ” အက္ခရာ ယာဉ်အစီးရေ ၄၄၀၀ ကျော်ရှိသည့်အနက် ၂၀၁၃ ခုနှစ်အောက်တိုဘာ ၂၉ ရက်မှ ဒီဇင်ဘာ၁၂ ရက်အထိ “အ” အက္ခရာအပ်နှံပြီး ယာဉ်အစီးရေမှာ ၂၉၅၀ ကျော်ရှိပြီဖြစ်ကြောင်း အဆိုပါဌာန၏ စာရင်းအရ သိရသည်။

ကညန တိုင်းဦးစီးမှူးရုံး၏ ယာဉ်အိုယာဉ်ဟောင်းအပ်နှံပြီး အစားထိုးယာဉ်များ တင်သွင်းရေးစီမံချက်အရ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်အထိ “စ” အက္ခရာမှ “အ” အက္ခရာထိ အပ်နှံပြီးသည့် ယာဉ်အိုယာဉ်ဟောင်းအစီးရေမှာ ၆၂၉၈၇ စီးရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **(အေးကို )**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၁၃**

| | | |
|---|---|---|
| ရန်ကုန် ရွှေဈေး | ၆၅၃၆၀၀ | - ၆၅၄၆၀၀ |
| မန္တလေး ရွှေဈေး | ၆၅၃၅၀၀ | - ၆၅၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၃၀ | ကျပ် |
| (ခ) | အောက်တိန်း95 | တစ်လီတာ | ၁၀၉၀ | ကျပ် |
| (ဂ) | အောက်တိန်း92 | တစ်လီတာ | ၉၁၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၈၂. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၄၉. ၉ |
| (ဂ) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၁. ၃၅ |
| (ဃ) | တရုတ် | တစ်ယွမ် | = ၁၆၁. ၇၄ |
| (င) | ထိုင်း | တစ်ဘတ် | = ၃၀. ၅၇၃ |
| (စ) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၃. ၂၇ |
| (ဆ) | အိန္ဒိယ | တစ်ရူပီး | = ၁၅. ၈၈၅ |
| (ဇ) | ဂျပန် | တစ်ရာယန်း | = ၉၄၈. ၅၂ |
| (ဈ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၂၈၀ |
| (ည) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၇၆. ၆၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း





# နိုင်ငံတော်သမ္မတဦးသိန်းစိန် ဂျပန်နိုင်ငံ၌ကျင်းပမည့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် တိုကျိုမြို့သို့ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၃

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နှစ်(၄၀)ပြည့် အာဆီယံ-ဂျပန်အထိမ်းအမှတ်ထိပ်သီးအစည်းအဝေးနှင့် ဂျပန်-မဲခေါင် ထိပ်သီးအစည်းအဝေးများ တက်ရောက်ရန်အတွက် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ဒီဇင်ဘာ ၁၂ ရက်တွင် ရန်ကုန်မြို့မှ ဂျပန် လေကြောင်းလိုင်းဖြင့် ထွက်ခွာခဲ့ပြီး ဒီဇင်ဘာ ၁၃ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီ ၄၅ မိနစ်တွင် ဂျပန်နိုင်ငံ နာရီတာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ(အောက်ဝဲပုံ) မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်တင်၊ မြန်မာ-ဂျပန် အသင်းဥက္ကဋ္ဌ ဦးစောလှမင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။**



ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် Imperial ဟိုတယ်သို့ ရောက်ရှိကြသည်။

ဂျပန်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)နှင့် ၁၉၇၃ ခုနှစ်တွင် စတင်ထိတွေ့ ဆက်ဆံခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် အာဆီယံနိုင်ငံများ၏ မိတ်ဖက်ဆွေးနွေးဖက်နိုင်ငံအဖြစ် အဆင့်တိုးမြှင့်ခဲ့ရာ ယခုနှစ်တွင် နှစ်ပေါင်း(၄၀)ပြည့်မြောက်ခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ၂၀၁၂ ခုနှစ် ဧပြီလအတွင်း ဂျပန်နိုင်ငံ၌ ကျင်းပသည့် ဂျပန်-မဲခေါင် နိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲနှင့် မြန်မာ-ဂျပန် ထိပ်သီးဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ပြီး ဂျပန်နိုင်ငံအစိုးရမှ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေး စီမံချက်အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာ၊ သီလဝါ အထူးစီးပွားရေးဇုန်အတွက် ပင်မစီမံကိန်းဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းဆောင်ရွက်မှုအပေါ် ရည်ရွယ်သည့် စာလွှာနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသဒီရေတောများ ပြန်လည်ထူထောင်ရေးအတွက် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာတို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အပြင် နှစ်နိုင်ငံချစ်ကြည် ရင်းနှီးမှု တိုးတက်ခိုင်မြဲရေးအတွက် ဆောင်ရွက်ခဲ့သည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးသည် နှစ်ပေါင်း ၃၆ နှစ်အတွင်း ဂျပန်ဝန်ကြီးချုပ်၏ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် ၂၀၁၃ ခုနှစ် မေလအတွင်း သုံးရက်တာ ခရီးစဉ်ဖြင့် လာရောက်လည်ပတ်ခဲ့သည်။

**(သတင်းစဉ်)**

**❐ ဒုတိယသမ္မတမှ**

ကယက်လှေလှော်ပြိုင်ပွဲ အမျိုးသမီးလေးယောက်တွဲ ပွဲစဉ်၌ ပထမရရှိသော မြန်မာနိုင်ငံမှ ဖြူသီဦး၊ မျိုးသန္တာထွန်း၊ နော်အာလယ်လားရှီ၊ အေမီခိုင်တို့အတွဲ၊ ဒုတိယရရှိသော ထိုင်းနိုင်ငံမှအတွဲနှင့် တတိယရရှိသော စင်ကာပူနိုင်ငံတို့မှ ဆုရရှိကြသော အားကစားသမားများအား ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညွှန့်ထွန်းနှင့်ပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့က ဆုများကို ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ပထမဆုရရှိသော မြန်မာအမျိုးသမီး အသင်းအား ဒုတိယသမ္မတ ဦးညွှန့်ထွန်းက ငွေသားဆုများကိုချီးမြှင့်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ နိုင်ပွဲရမြန်မာအားကစားသမားများအား ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးတို့က စိတ်ဓာတ်မြှင့်တင် အားပေးခဲ့ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် နိုင်ငံတကာ အားကစားသမားများ တည်းခိုနေထိုင်လျက်ရှိသော အားကစားရွာ (Social Zone) ကို သွားရောက်လှည့်လည် ကြည့်ရှုစစ်ဆေးရာ အားကစားသမားများ ဝယ်ယူစားသုံးမှု အခြေအနေ၊ စားသောက်ဆိုင်များ ရောင်းချနိုင်မှုအခြေအနေ၊ နိုင်ငံတကာ အားကစားသမားများ ငွေလဲလှယ် သုံးစွဲနိုင်ရန်အတွက် ငွေလဲဘဏ်များထားရှိပြီး ငွေလဲလှယ်သုံးစွဲမှုအခြေအနေ၊ နိုင်ငံတကာ အားကစားသမားများ အင်တာနက်၊ ဝိုင်ဖိုင် အခမဲ့သုံးစွဲနိုင်မှုအခြေအနေ စသည်တို့ကို လေ့လာကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**✱ ရှေ့ဖုံးမှ**

အမျိုးသားတစ်ဦးချင်း ကနူးလှေလှော်မီတာ ၂၀၀ ပြိုင်ပွဲတွင် မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ ထိုင်း ခြောက်နိုင်ငံ ယှဉ်ပြိုင်ကစားရာတွင် ထိုင်းက(ပထမ) ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ စင်ကာပူက (ဒုတိယ) ငွေတံဆိပ်ဆုကို လည်းကောင်း၊ ဗီယက်နမ်က(တတိယ)ကြေးတံဆိပ်ဆုကိုလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

အမျိုးသမီးနှစ်ယောက်တွဲ မီတာ ၂၀၀ ပြိုင်ပွဲတွင် မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်၊ မြန်မာ၊ စင်ကာပူ ခြောက်နိုင်ငံယှဉ်ပြိုင်ကစားရာ စင်ကာပူက(ပထမ) ရွှေတံဆိပ်ဆုကို လည်းကောင်း၊ မြန်မာက(ဒုတိယ)ငွေတံဆိပ်ဆုကို လည်းကောင်း၊ ဗီယက်နမ်က (တတိယ)ကြေးတံဆိပ်ဆုကို လည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

အမျိုးသားနှစ်ယောက်တွဲ ကယက်မီတာ ၂၀၀ ပြိုင်ပွဲတွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မြန်မာ၊ ထိုင်း လေးနိုင်ငံ ယှဉ်ပြိုင်ကစားရာတွင် ထိုင်းက (ပထမ) ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ မြန်မာက(ဒုတိယ) ငွေတံဆိပ်ဆုကိုလည်းကောင်း၊ အင်ဒိုနီးရှားက (တတိယ)ကြေးတံဆိပ်ဆုကိုလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

အမျိုးသမီး ကနူး လေးယောက်တွဲ မီတာ ၂၀၀ ပြိုင်ပွဲတွင် မလေးရှား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်း၊ မြန်မာ ခြောက်နိုင်ငံယှဉ်ပြိုင်ကစားရာ မြန်မာက(ပထမ)ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ ထိုင်းက(ဒုတိယ) ငွေတံဆိပ်ဆုကို လည်းကောင်း၊ စင်ကာပူက (တတိယ)ကြေးတံဆိပ်ဆုကိုလည်းကောင်း အသီးသီးရရှိကြသည်။ မြန်မာနိုင်ငံကိုယ်စားပြု ကနူး၊ ကယက်လှေလှော် ကျား၊ မအသင်းများမှ ဒီဇင်ဘာ ၁၀ ရက်တွင် ရွှေသုံးခု၊ ကြေးတစ်ခု၊ ဒီဇင်ဘာ ၁၂ ရက်တွင် ရွှေ တစ်ခု၊ ငွေ တစ်ခု၊ ဒီဇင်ဘာ ၁၃ ရက်တွင် ရွှေ တစ်ခု၊ ငွေ နှစ်ခု၊ ကြေး တစ်ခု စုစုပေါင်း ရွှေ ငါးခု၊ ငွေ ငါးခု၊ ကြေး နှစ်ခု ရရှိထားပြီးဖြစ်ကြောင်း သိရှိရသည်။

## အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပီတန်းနှင့် ရေကူးပြိုင်ပွဲများကျင်းပ စစ်တုရင်ပြိုင်ပွဲ ဆုပေး

**နေပြည်တော် ဒီဇင်ဘာ ၁၃**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယမန်နေ့ညနေ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိပီတန်းအားကစားရုံ၌ ကျင်းပသော ပီတန်းအမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများကို ကြည့်ရှုအားပေးပြီး မြန်မာ့လက်ရွေးစင်ဟောင်း ကချင်တိုင်းရင်းသားတာဝေးအပြေးသမား မီတုန်းနော်အား ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိရေကူးအားကစားရုံ၌ ကျင်းပသည့် အမျိုးသမီး မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲနှင့် အမျိုးသားမီတာ ၂၀၀ လိပ်ပြာကူးပြိုင်ပွဲကျင်းပပုံများကို ဗီယက်နမ်အားကစားဝန်ကြီး၊ ထိုင်းနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌနှင့် အာဆီယံနိုင်ငံများ၊ အိုလံပစ်အဖွဲ့ဝင်များနှင့်အတူ ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော် ဇမ္ဗူသီရိဟိုတယ်၌ ကျင်းပသည့် စစ်တုရင်ဆုပေးပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးသိန်းထိုက်တို့နှင့်အတူ မြန်မာ့ရိုးရာစစ်တုရင် အမြန်ရွှေ့ပြိုင်ပွဲတွင် ပထမဆုရ မြန်မာနိုင်ငံမှ ဝင်းဇော်ထွန်း၊ ဒုတိယနှင့် တတိယဆုရ ထိုင်းနိုင်ငံမှ အားကစားသမားများအား ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## နပန်းအားကစားသက်တမ်းနုသော်လည်း ရွှေသုံး၊ ငွေသုံး၊ ကြေးကိုးခုရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နောက်ဆုံးနေ့ ပွဲစဉ်များကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

နောက်ဆုံးနေ့ ပွဲစဉ် ၂၅ ပွဲတွင် မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံခုနစ်နိုင်ငံတို့မှ နပန်းအားကစားသမားများသည် ကီလိုတန်းအလိုက် ကျား၊ မခွဲ၍ယှဉ်ပြိုင်ကြသည်။

နောက်ဆုံးပွဲစဉ်များအပြီးတွင် Women's Free Style (၄၈)ကီလိုတန်းတွင် ဗီယက်နမ်က ရွှေ၊ ထိုင်းက ငွေ၊ လာအိုနှင့် အင်ဒိုနီးရှားက ပူးတွဲကြေးရရှိပြီး Men's Free Style (၇၄) ကီလိုတန်းတွင် ဗီယက်နမ်က ရွှေ၊ ထိုင်းကငွေ၊ မြန်မာမှ စောဂါဗြီအဲလ်က ကြေးရရှိသည်။

Men's Free Style (၉၆)ကီလိုတန်းတွင် လာအိုကရွှေ၊ မြန်မာမှ ကျော်ဝင်းဦးက ငွေ၊ ကမ္ဘောဒီးယား က ကြေးရရှိကြပြီး Women's Free Style (၄၄)ကီလိုတန်းတွင် ကမ္ဘောဒီးယားကရွှေ၊ ထိုင်းကငွေ၊ မြန်မာမှ သီတာစိုးက ကြေးနှင့် Men's Free Style (၈၄)ကီလိုတန်းတွင် အင်ဒိုနီးရှားကရွှေ၊ ထိုင်းကငွေနှင့် ဖိလစ်ပိုင်က ကြေးအသီးသီးရရှိကြကာ ဆုများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ အာရှနပန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံနပန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

မြန်မာနိုင်ငံနပန်းအဖွဲ့ချုပ်ဖွဲ့စည်းခဲ့သည်မှာ သက်တမ်း(၂)နှစ်သာ ရှိသေးပြီး ၂၀၁၁ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ နပန်းအားကစားသမား ငါးဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကြေးတံဆိပ် လေးဦးရရှိခဲ့သည်။

ယခုကျင်းပသည့်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်မူ မြန်မာနပန်း အားကစားသမား(၂၀) ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ် ကိုးခုရရှိခဲ့ပြီး နိုင်ငံအလိုက် ရွှေ၊ငွေ၊ ကြေး ၁၅ ခုဖြင့် ဆုအများဆုံးရရှိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မည့် ကကြိုးကကွက်များ စုပေါင်းလေ့ကျင့်မှု အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် အမှတ်(၇)တည်းခိုရေးစခန်း (ရွာတော်)၌ ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပသော ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ယခုကဲ့သို့အလှူရှင်များမှ သဒ္ဓါတရားထက်သန်စွာဖြင့် လာရောက်လှူဒါန်းခြင်းကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပဏာမပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက အလှူငွေကျပ် သိန်း ၂၅၀ ကိုလည်းကောင်း၊ 100 Plus အချိုရည်မှ ဗလာစာအုပ် ၁၀၀၀၀ နှင့်သော့ချိတ် ၁၀၀၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ပိတ်ပွဲအခမ်းအနားတွင်တင်ဆက်မည့် တို့မြန်မာခြင်းလုံးအစီအစဉ်၌ ပါဝင်ဆောင်ရွက်သူများအတွက် ငွေကျပ်သိန်း ၂၅၀ ကိုပြန်လည်ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးက လက်ခံရယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်နေလင်း၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ နည်းပြချုပ်ဆရာမကြီးများ၊ ဗဟိုနည်းပြများ၊ တို့မြန်မာခြင်းလုံးအစီအစဉ်တွင် ပါဝင်ဆောင်ရွက်သော မြန်မာနိုင်ငံခြင်းလုံးအဖွဲ့မှ အားကစားသမားများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့ အမှတ်တရဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်ဘုရင်နှင့် မိဖုရားတို့က တည်ခင်းဧည့်ခံသော ဂုဏ်ပြုလက်ဖက်ရည်ပွဲသို့ တက်ရောက်လာရာ တာဝန်ရှိသူတစ်ဦးက ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## ☆ နိုင်ငံတော်သမ္မတမှ

အဆိုပါညစာစားပွဲ၌ ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံနိုင်ငံခေါင်းဆောင်များသည် ဂျပန်နိုင်ငံနှင့် အာဆီယံဒေသအတွင်းရှိ သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် တစ်မိနစ် ငြိမ်သက်စွာဆုတောင်းမေတ္တာပို့ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒေသစံတော်ချိန် ည ၉ နာရီတွင် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ မြန်မာသံရုံးသို့ ရောက်ရှိပြီး ဧည့်ခန်းမ၌ သံရုံးဝန်ထမ်းများနှင့် မြန်မာနိုင်ငံမှ ပညာတော်သင် ကျောင်းသားကျောင်းသူများအား တွေ့ဆုံနှုတ်ဆက်ပြီး လက်ဆောင်ပစ္စည်းများကို လက်ဝယ်အရောက် ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မြန်မာသံရုံးမှတစ်ဆင့် ခေတ္တတည်းခိုသည့် Imperial ဟိုတယ်သို့ ရောက်ရှိရပ်နားကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဂျပန်နိုင်ငံခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Fumio Kishida က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ယနေ့ညနေပိုင်းတွင် Imperial ဟိုတယ် Irodori ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဘဏ် (JBIC)တို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် ရည်ရွယ်ချက်ဖြင့် ကြားခံကိရိယာတစ်ခုဖြစ်သည့် Project Promoting Vehicle (PPV) ပုံစံဖြင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်အားပေးပြီး JBIC မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရှေ့ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ မြန်မာသံရုံး၌ သံရုံးဝန်ထမ်းများနှင့် မြန်မာနိုင်ငံမှ ပညာတော်သင် ကျောင်းသားကျောင်းသူများအား တွေ့ဆုံနှုတ်ဆက်ပြီး** (ဝဲပုံ) **နှင့် မြန်မာစစ်သံမှူးနှင့် ဇနီးတို့အား လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။** (အောက်ပုံ)
(သတင်းစဉ်)



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ဂျပန်နိုင်ငံ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဘဏ် (JBIC) တို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်အားပေးစဉ်။** (သတင်းစဉ်)



# ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit) သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

**ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၁။ ဖျာပုံမြို့ ကမ်းနားလမ်းကမ်းပြိုကာကွယ်ရေးအတွက် ဆောင်ရွက်ပေးပါရန် ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် ဖျာပုံမြို့သည် ရေကြောင်းကပ်၍ ပွတ်တိုက်စီးဆင်းခံရမှုတို့ကြောင့် ရေတိုက်စားခံရမှုအများဆုံးဖြစ်သော ဖျာပုံမြို့ ပြည်လုံးချမ်းသာ သာစည်ဘုရားရှေ့ မြစ်ကမ်းပြိုမှုများဖြစ်ပေါ်လာမှုကို ကာကွယ်ရန် Bored Pile အခြေပြုမြေထိန်းနံရံ ၂၀၀ ပေအား (၁၇-၃-၂၀၁၁)ရက်နေ့မှစ၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဒီဇိုင်းနည်းပညာပိုင်း အနီးကပ်ကြီးကြပ်မှုဆောင်ရွက်ပေးခဲ့ရာ (၅-၆-၂၀၁၁) ရက်နေ့ တွင် လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးဆုံးခဲ့ပြီဖြစ်ပါသည်။ ဖျာပုံမြို့ ကမ်းနားလမ်းကမ်းပြိုကာကွယ်ရေးနှင့် သောင်တူးလုပ်ငန်းအတွက် ရန်ပုံငွေကျပ် ၂၅၅ ဒသမ ၂ သန်း ရရှိရန် တင်ပြထားပြီး ရန်ပုံငွေရရှိသည်နှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၂။ ဓနုဖြူမြို့နယ်အတွင်း ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ အမှတ် (၁၅/၁၆) ရပ်ကွက်နှင့် အုန်းပင်ကွင်းကျေးရွာအုပ်စု ရေလဲကြီး/အိုးဘိုရွာတို့သည် နှစ်စဉ်မြစ်ကမ်းပြိုကျမှုကြောင့် နေအိမ်များ ရွှေ့ပြောင်းနေရပါသဖြင့် ဆောင်ရွက်ပေးပါရန်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် (၁၅/၁၆) ရပ်ကွက်နှင့် ဓနုဖြူမြို့ကမ်းပြိုကာကွယ်ရေးအတွက် ခန့်မှန်းခြေကုန်ကျစရိတ်ပြုစုတင်ပြထားပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရမှတစ်ဆင့် ရန်ပုံငွေကျပ် ၁၁၁ ဒသမ ၉ သန်း တင်ပြတောင်းခံထားပါသည်။ ရန်ပုံငွေရရှိပါက ဦးစီးဌာနမှ နည်းပညာပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ မအူပင်မြစ်ကမ်းထိန်းသိမ်းခြင်းကိစ္စအရေးတကြီး ဆောင်ရွက်ပေးရန်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် မအူပင်မြို့ မြစ်ကမ်းရေတိုက်စားကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ကာကွယ်ရေးလုပ်ငန်းစီမံချက်ပြုစု၍ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ ပြည်ထောင်စုအစိုးရသို့ ရန်ပုံငွေရရှိရေးတင်ပြတောင်းခံထားပြီး ဖြစ်ပါသည်။ ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၃-၂၀၁၄ ဖြည့်စွက်ရန်ပုံငွေ (R.E) တွင် ထည့်သွင်းရေးဆွဲ၍ တင်ပြတောင်းခံထားပါသည်။ ရန်ပုံငွေရရှိပါက မအူပင်မြို့ ကမ်းနားလမ်းမြစ်ကမ်းထိန်းသိမ်းခြင်းလုပ်ငန်းများအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၁။ ကျိုက်လတ်မြို့နယ်တွင် GSM တယ်လီဖုန်းဆက်သွယ်မှုလုံးဝအဆင်မပြေပါသဖြင့် Transmission Line တိုးချဲ့ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ ကျိုက်လတ်မြို့တွင် GSM စခန်း(၂)ခုနှင့် CDMA-450 MHz စခန်း(၁)ခုရှိကြောင်း၊ GSM တယ်လီဖုန်းဆက်သွယ်မှုအဆင်မပြေခြင်းကိစ္စနှင့်စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာအားဖြင့် GSM BTS စခန်း(၁)ခုလျှင် အဝေးလိုင်း 2E1 ဖြင့် လုံလောက်မှုရှိပါသည်။ အဝေးလိုင်းအနေဖြင့် ကျိုက်လတ် BTS မှ ဖျာပုံ BSC၊ ထိုမှတစ်ဆင့်ရန်ကုန် MSC သို့ ဆက်သွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ကျိုက်လတ်စခန်းနှင့် ဖျာပုံစခန်းအကြား(သို့)ဖျာပုံစခန်းနှင့် ရန်ကုန်စခန်းအကြား နည်းပညာပိုင်းဆိုင်ရာပြုပြင်ရန် လိုအပ်ချက်များကို ကျွမ်းကျင်သူများစေလွှတ်ပြီး ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ADSL လိုင်းများတိုးချဲ့တပ်ဆင်ပေးရန်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့တွင် လက်ရှိ ADSL ၄၈ လိုင်းတပ်ဆင်ထားရာ (၄၁)ခုတပ်ဆင်အသုံးပြုလျက်ရှိပြီး လက်ကျန်ခုနစ်လိုင်းကျန်ရှိပါသည်။ ဝန်ကြီးဌာနအနေဖြင့် ခရိုင်မြို့ကြီးများအား ADSL စနစ်တိုးချဲ့တပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း မအူပင်ခရိုင် မအူပင်မြို့တွင် လက်ရှိတပ်ဆင်ထားသော ADSL (၄၈) လိုင်းအပြင် ထပ်မံ၍ (၂၄) လိုင်း DSLAM တစ်ခုတိုးချဲ့တပ်ဆင်သွားမည်ဖြစ်ပါသည်။ အင်တာနက်စနစ်ကို ကြိုးဖုန်း/မိုဘိုင်းဖုန်းများဖြင့် သုံးစွဲ၍ရပါသည်။ ထို့အပြင် Wifi စနစ်ကိုလည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး မြို့ကြီးများတွင် စတင်ဆောင်ရွက်ရန်လျာထားပါသည်။ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက အင်တာနက်လိုင်းများပိုမိုတိုးချဲ့သုံးစွဲလာနိုင်မည်ဖြစ်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၁။ ချောင်းကိုဖြတ်သန်းသွားရသော ကျေးရွာအုပ်စု(၈)ခုအတွင်းရှိ ရွာပေါင်း (၂၀) နေ ပြည်သူလူထုများ အဆင်ပြေချောမွေ့စေရန်နှင့် တစ်ပြေးညီစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် မြို့ကုန်းတံတား၏လက်ရှိတံတားအခြေအနေမှာ ရေလမ်းကြောင်းကျဉ်းမြောင်းပြီး တံတားမှာနိမ့်နေသည့်အတွက် ရေလမ်းကင်းလွတ်အမြင့်နှင့် ရေလမ်းကင်းလွတ်အကျယ်ချဲ့ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍ မြို့ကုန်းတံတား၏လက်ရှိအခြေအနေမှာ သစ်သားတံတားဖြစ်ပြီး ရေလမ်းကင်းလွတ်အကျယ် ပေ (၄၀) မှ(၅၀) အတွင်းနှင့် အမြင့်မှာ အမြင့်ဆုံးရေတက်အမှတ်ထက် (၈)ပေမှ ၁၀ ပေခန့်အထိ ဘေလီတံတားအဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ရန်အတွက် သွားရောက်စစ်ဆေး၍ စက်လှေများ ဖြတ်သန်းသွားလာနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ ဘိုကလေး-သာပေါင်းမြစ်ကူးတံတား အမြန်ပြီးစီးရေးဆောင်ရွက်ပေးရန်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် ဘိုကလေးမြစ်ကူးတံတား၏ ပင်မတံတားသံပေါင်များအား ယခု ၂၀၁၃ ခုနှစ် နိုဝင်ဘာလ တတိယပတ်တွင် ရရှိမည်ဖြစ်ပြီး သံပေါင်လုပ်ငန်းများကို စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဧပြီလကုန်တွင် ပြီးစီးပြီး တံတားကြမ်းခင်းနှင့် လက်ရန်းလုပ်ငန်းများကို မေလတွင် အပြီးဆောင်ရွက်မည်ဖြစ်ပါသည်။ ဇွန်လအတွင်း နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီး ဇွန်လကုန်တွင် တံတားအသုံးပြုနိုင်မည်ဖြစ်ပါသည်။

၃။ ပန်းတနော်-ရွှေလောင်း-ဝါးခယ်မလမ်း မိုင် (၄/၀) ရှိ ရေပွန်နေရာတွင် တံတားငယ်တည်ဆောက်ရန်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် ပန်းတနော်-ရွှေလောင်း-ဝါးခယ်မလမ်းသည် (၃၆ မိုင် ၁ ဖာလုံ) ရှည်လျားပြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်အပိုင်းတွင် ၂၁ မိုင်ဖြစ်ပါသည်။ ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်တွင် မိုင် (၄/၀) ရှိသော ရေပွန်သည် နှစ်ကာလကြာမြင့်နေပြီး ရေစီးသွားလာမှု ပိတ်ဆို့နေသောနေရာတွင် ၁၀ ပေအရှည်၊ ၂၄ ပေ အကျယ် သံကူကွန်ကရစ်တံတားတစ်စင်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၁။ လှိုင်သာယာ-စက္ကော့-ပုသိမ် ရထားလမ်းနှင့် လှိုင်သာယာ-စက္ကော့-ဟင်္သာတရထားလမ်းပိုင်းတွင် ရထားပြေးဆွဲမည်ဆိုပါက နံနက်ပိုင်းတွင် လှိုင်သာယာမှ ထွက်ရှိ၍ ညနေပိုင်းတွင် ဟင်္သာတ/ပုသိမ်ဘက်မှ ထွက်ရှိမည်ဆိုပါက ဒေသအတွင်း သွားလာရေးအဆင်ပြေမည်ဖြစ်သဖြင့် ဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍ လှိုင်သာယာ-စက္ကော့-ပုသိမ်လမ်းပိုင်းနှင့် လှိုင်သာယာ-စက္ကော့-ဟင်္သာတလမ်းပိုင်းဖောက်လုပ်ပြီးစီးပါက မြန်မာ့မီးရထားစီးပွားရေးဌာနနှင့် ပို့ဆောင်ရေးဌာနမှ တာဝန်ရှိသူများလာရောက်ပြီး ဒေသခံပြည်သူများ၏ သဘောထားဆန္ဒကို မေးမြန်း၍ဒေသခံပြည်သူများ၏ သဘောဆန္ဒအတိုင်းသာ ရထားခရီးစဉ်များကို ပြေးဆွဲပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၄-၁၂-၂၀၁၃ (စနေနေ့)**

၆း၀၃ တရားတော်
၆း၃၅ မြန်မာသံစဉ်ချိုနားဝင်
၈း၁၀ မွေးမြူသုတ
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၁၁း၄၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် (ပြောင်းပြန်ရိုက်ချက်) (လူမင်း၊ ရေဗက္ကာဝင်း) (ဒါရိုက်တာ-မိုက်တီး)
၁း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဂျက်စီဘယ် (အပိုင်း- ၂၉)
၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၅း၃၀ ရွှေလမ်းငွေလမ်းသူဌေးလမ်း
၆း၃၀ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၅၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ညွှန်းဖွဲ့မေတ္တာ (အပိုင်း- ၈)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
-နိုင်ငံတကာသတင်း
-မိုးလေဝသ သတင်း
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "The Front of Line" (အပိုင်း-၁)
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်ခြင်းဖြင့် ဖန်ဆင်းသော ဟင်းလျာ" (အပိုင်း-၆၁)







# ဂိုင်းဝန်းကူကြ အသက်ကယ်ပါ

ဒေါက်တာသီတာအောင်

ကျန်းမာရေးဝန်ကြီးဌာနမှ သွေးလှူရှင်များကို ဂုဏ်ပြုသော သွေးလှူရှင်ဂုဏ်ပြုပွဲသည် ယခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် (၃၇)ကြိမ်ပြည့်ခဲ့ပြီးဖြစ်ပါသည်။

သွေးသွင်းကုသခြင်းဖြင့် လူနာများ၏ ကျန်းမာရေးကို စောင့်ရှောက်ရာ၌ စေတနာသွေးလှူရှင်ကြီးများသည် အလိုအပ်ဆုံးသော ထောက်ပံ့မှုဖြစ်ပေသည်။ လူနာများ လိုအပ်သောအချိန်တွင် လိုအပ်သော ပမာဏအတိုင်း ထိရောက်စွာ ပေးသွင်းကုသမှုပြုလုပ်နိုင်ရန် မည်သည်ကိုမျှ မမျှော်ကိုးဘဲ မည်သူ့အတွက်ဟူ၍လည်း မရည်မှန်းဘဲ လာရောက်လှူဒါန်းပေးသွားသော စေတနာသွေးလှူရှင်ကြီးများ၏ ထောက်ပံ့ပေးမှုသည် သွေးလှူဘဏ်လုပ်ငန်းကို တာဝန်ယူရသောသူများအတွက် တန်ဖိုးမဖြတ်နိုင်သော ထောက်ပံ့မှုဖြစ်ပေသည်။

ယခုအခါ အမျိုးသားသွေးဌာနမှ ထောက်ပံ့ပေးနေသော အစိုးရဆေးရုံ ကိုးရုံ၏ လိုအပ်ချက်ကို ၈၅ ရာခိုင်နှုန်းခန့် လူနာများ မပင်ပန်းဘဲရရှိနေခြင်းမှာ ၎င်းစေတနာသွေးလှူရှင်ကြီးများနှင့် ၎င်းတို့၏လှူဒါန်းမှုကို ဖြစ်မြောက်အောင် ဦးဆောင်စည်းရုံးတိုက်တွန်းပေးသော စေတနာရှင်အဖွဲ့များ၏ ဆန္ဒ၊ လုပ်အားနှင့် ငွေကြေးထောက်ပံ့ပေးသူ အလှူရှင်များ၏ ပံ့ပိုးမှုတို့ကြောင့်ဖြစ်ပေသည်။

စေတနာသွေးလှူရှင်ကြီးများမှ လှူဒါန်းပေးမှုကြောင့် သိုလှောင်နိုင်သောသွေးများသည် သွေးလှူဘဏ်လုပ်ငန်းများ၏ သွေးအုပ်စုဆိုင်ရာ စမ်းသပ်စစ်ဆေးမှု၊ သွေးနှင့် သွေးပစ္စည်းဆိုင်ရာ ပြုပြင်ခွဲထုတ်မှု၊ သွေးမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုးများစစ်ဆေးရာတွင် စနစ်တကျ စံချိန်စံညွှန်းမီအောင် ဆောင်ရွက်နိုင်မှုနှင့် ဝန်ထမ်းများ၏ နည်းပညာဆိုင်ရာ လေ့ကျင့်နိုင်မှုဟူသော မမြင်နိုင်သည့် အကျိုးကျေးဇူးများကိုလည်း ပေးစွမ်းနိုင်ခဲ့ပါသည်။

စေတနာသွေးလှူရှင်များ လှူဒါန်းမှုမလုံလောက်၍ လူနာများမှ ရှာဖွေရပါက လူနာရှင်များ၏ စိုးရိမ်ပူပန်မှု၊ ရှာဖွေပေးရသော စေတနာရှင်များ၏ အချိန်၊ လုပ်အားတို့ကို မလိုအပ်ဘဲ ဆုံးရှုံးမှုတို့အပြင် သွေးလှူဘဏ်မှလည်း ပြီးပြည့်စုံသော စမ်းသပ်မှုများကို မပြုလုပ်ပေးနိုင်ပေ။ နည်းပညာပိုင်းဆိုင်ရာလုံခြုံစိတ်ချရမှုအတွက် အချိန်နှင့် ကျွမ်းကျင်သူများ၏ လုပ်အားကို မျှတစွာ ဆောင်ရွက်စေနိုင်မှုတို့သည် အရေးကြီးသော လိုအပ်ချက်များဖြစ်ပေသည်။

သွေးလိုအပ်နေ၍ အရေးပေါ်ရှာဖွေနေရခြင်းမှာ သွေးဘဏ်များတွင် လုံလောက်စွာ မသိုလှောင်နိုင်၍ ဖြစ်သည်။ ထိုကဲ့သို့ သိုလှောင်မှုမလုံလောက်ခြင်းမှာ စေတနာရှင်များမှ လှူဒါန်းမှုလုံလောက်ခြင်းမရှိသေး၍ ဖြစ်သည်။ လုံလောက်စွာ လှူဒါန်းနိုင်မှုမရှိခြင်းမှာ သွေးလှူဘဏ်များမှ လုံလောက်မှုရှိနိုင်၊ မရှိနိုင်ဟူသော လိုအပ်ချက်ကို သေချာစွာ ဆန်းစစ်၍ တွက်ချက်ထားခြင်း၊ အချို့သော သွေးပစ္စည်းများမှာ ၎င်းတို့၏သဘာဝအရ သိုလှောင်ထား၍မရခြင်း၊ ၎င်းတို့ကဲ့သို့ သိုလှောင်မထားနိုင်သော သွေးပစ္စည်းများနှင့် လိုအပ်ချက်များရရှိနိုင်မှုအတွက် သွေးဘဏ်မှ ကြိုတင်စီစဉ် ချိတ်ဆက်မထားခြင်း၊ ၎င်းကဲ့သို့ တွက်ချက်စီစစ်နိုင်ရန် ပညာရှင်အင်အားမလုံလောက်ခြင်းတို့ကြောင့် ဖြစ်နိုင်သကဲ့သို့ သွေးဘဏ်များ၏အခြေခံလိုအပ်ချက်များဖြစ်သော သွေးပစ္စည်းများကို သိုလှောင်မည့်အခြေအနေများ လုံလောက်မှုမရှိခြင်း၊ သွေးပစ္စည်းများ သိုလှောင်ရန် အခြေခံလိုအပ်ချက်ဖြစ်သော လျှပ်စစ်မီးလုံးဝပြတ်တောက်မှုမရှိအောင် ထောက်ပံ့နိုင်မှုမရှိခြင်းတို့သည်လည်း သွေးပစ္စည်းများ လုံလောက်စွာ သိုလှောင်ဖြန့်ဖြူးနိုင်မှု မရှိနိုင်သေးခြင်း၏ အဓိကအကြောင်းများဖြစ်ပေသည်။

သို့ရာတွင် သွေးလှူဘဏ်လုပ်ငန်းများကို ထောက်ပံ့နေသောစေတနာရှင်များ၏ ပူးပေါင်းပါဝင်မှုကြောင့် မြန်မာ တစ်နိုင်ငံလုံး၏ သွေးသွင်းကုသမှုကို ပြုလုပ်နေသောဒေသများတွင် လူနာရှင်များ၏ သွေးရရှိမှုအတွက် ပူပန်ရခြင်းကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်ခဲ့ပါသည်။



လှူဒါန်းပြီးသွေးလှူရှင်များ၏ ပြန်လည်လှူဒါန်းပေးမှုများသည် သွေးမှတစ်ဆင့်ကူးစက်နိုင်သောရောဂါပိုးများ စစ်ဆေးတွေ့ရှိမှုများကိုလည်း သိသာစွာလျော့ကျစေခဲ့ပါသည်။ ပြန်လည်လှူဒါန်းသော စေတနာသွေးလှူရှင်များ တိုးတက်များပြားလာခြင်းနှင့် သွေးမှတစ်ဆင့်ကူးစက်နိုင်သော ရောဂါပိုးများ၏ စစ်ဆေးတွေ့ရှိမှုများ လျော့ကျလာခြင်းတို့ကို အထောက်အထားဖြင့်တွေ့ရှိရပါသည်။

၂၀၀၃ ခုနှစ်တွင် စေတနာသွေးလှူရှင် ၁၂၁၅၅ ဦးမှ လှူဒါန်းရာ HIV ပိုးစစ်ဆေးတွေ့ရှိမှု သုည ဒသမ ၇၁ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင်စေတနာရှင်သွေးလှူရှင် ၃၄၅၄၁ ဦးမှလှူဒါန်းရာ HIV ပိုးစစ်ဆေးတွေ့ရှိမှု သုည ဒသမ ၁၀ ရာခိုင်နှုန်းထိကျဆင်းခဲ့ပါသည်။

၂၀၁၃ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သော (၂၄) ကြိမ်မြောက် International Society of Blood Transfusion Congress တွင် အမျိုးသားသွေးဌာနသို့ လှူဒါန်းနေသော သွေးလှူရှင်များ၌ စမ်းသပ်တွေ့ရှိရသော အသည်းရောင်အသားဝါ ဘီရောဂါပိုးနှင့် သွေးလှူဒါန်းခြင်းတို့၏ ဆက်နွယ်မှုတို့ကို တင်သွင်းနိုင်ခဲ့ပါသည်။

သွေးလှူရှင်မှတ်တမ်းများ စနစ်တကျထားရှိမှုနှင့် သွေးလှူရှင်စိစစ်ရွေးချယ်မှုတို့သည် သွေးမှတစ်ဆင့် ကူးစက်နိုင်သောရောဂါပိုးများစမ်းသပ်တွေ့ရှိမှု လျော့ကျခြင်းကို အမှန်တကယ်ထောက်ပံ့နိုင်ကြောင်းကိုလည်း အထောက်အထားများတင်ပြနိုင်ခဲ့ပါသည်။

နိုင်ငံတော်မှ ၂၀၁၃ ခုနှစ်တွင် တစ်နိုင်ငံလုံးရှိ သွေးသွင်းကုသမှုဆောင်ရွက်နေသော လုပ်ငန်းများအတွက် သွေးစုဆောင်းစစ်ဆေးနိုင်ရန် အခြေခံလိုအပ်ချက်များဖြစ်သည့် သွေးခံအိတ်များ၊ HIV, HBV, HCV နှင့် Syphilis စမ်းသပ်မှုများအတွက် Test Kit များ၊ သွေးအုပ်စုဆိုင်ရာ စမ်းသပ်မှုများအတွက် ဓာတ်ခွဲဆေးရည်များ ထောက်ပံ့ပေးခဲ့သည့်အတွက် သွေးလှူဘဏ်လုပ်ငန်းများအနေဖြင့် သွေးသွင်းကုသမှု၏ အခြေခံလိုအပ်ချက်များကို ပြည့်စုံအောင် စမ်းသပ်စစ်ဆေးထောက်ပံ့မှု ပြုနိုင်ခဲ့ပါသည်။

သွေးဘဏ်လုပ်ငန်းများ၏ ဆောင်ရွက်ချက်များကို JICA (MIDC Project) နှင့် National Serology Reference Laboratory Australia တို့မှလည်း နည်းပညာဆိုင်ရာ ထောက်ပံ့အကြံပေးမှုများ ပြုလုပ်လျက်ရှိပါသည်။

ယခုအခါ နိုင်ငံတော်၏ ထောက်ပံ့မှု၊ ပြည်ပပညာရှင်များ၏ ထောက်ခံအကြံပေးမှု၊ ပြည်သူများ၏ ပူးပေါင်းထောက်ပံ့ပေးလိုမှုတို့ အဆင်သင့်ဖြစ်နေပြီဖြစ်၍ ၎င်းတို့ကို စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်သွားလျှင် တစ်နိုင်ငံလုံးအတွက် ပြည့်စုံသောသွေးသွင်းကုသမှုကို ထောက်ပံ့နိုင်ပေမည်။

သို့ရာတွင် မိမိတို့ပြုလုပ်နိုင်သည့် သွေးအုပ်စုဆိုင်ရာ စမ်းသပ်စစ်ဆေးမှု၊ သွေးမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုးများစစ်ဆေးမှု၊ သွေးနှင့်သွေးပစ္စည်းများ ပြင်ဆင်ခွဲထုတ်မှုတို့ကို ပိုမိုပြီးပြည့်စုံစွာ ဆောင်ရွက်နိုင်ရန် လိုအပ်ချက်များရှိနေပါသေးသည်။ ၎င်းနည်းပညာဆိုင်ရာ တိုးတက်မှုများသည် ဘဏ္ဍာငွေနှင့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုတို့ဖြင့် တိုးတက်လာအောင် ပြုလုပ်နိုင်သော်လည်း ၎င်းတိုးတက်မှုများဖြင့် လူနာများအားထောက်ပံ့နိုင်ရန်မှာမူ စေတနာရှင်ပြည်သူများပါဝင်ခြင်းမရှိပါက လုံးဝဖြစ်နိုင်မည် မဟုတ်ပေ။

ထို့ကြောင့် နည်းပညာဆိုင်ရာ လုံခြုံစိတ်ချရမှုအတွက် စီမံခန့်ခွဲမှု၊ နည်းပညာတတ်ကျွမ်းသူများ မည်မျှပင်ရှိစေကာမူ လူနာများအတွက် ၎င်းတိုးတက်မှုများ၏ အကျိုးကျေးဇူးခံစားခွင့်ရရှိနိုင်ရန်မှာ စေတနာသွေးလှူရှင်ကြီးများနှင့် ၎င်းတို့လှူဒါန်းမှုပြုနိုင်ရန် ထောက်ပံ့သူများ၏ စွမ်းဆောင်မှုသည်သာ အဓိကဖြစ်နေပေသည်။ ၂၀၁၃ ခုနှစ်တွင် သွေးလှူရှင် စုဆောင်းပေးသော အဖွဲ့ပေါင်း ၁၀၅ ဖွဲ့ခန့် ဦးဆောင်စည်းရုံးမှုပြုပေးခဲ့ပေသည်။

လူနာများအတွက် လုံခြုံစိတ်ချရသော သွေးသွင်းကုသမှုနှင့် ထောက်ပံ့နိုင်ရန် စေတနာသွေးလှူရှင်ကြီးများ၊ စနစ်တကျ စီမံခန့်ခွဲပေးမည့်တာဝန်ရှိသူများ၊ နည်းပညာဆိုင်ရာ တာဝန်ယူရမည့်သူများနှင့် ငွေအား၊ လူအား၊ အချိန်တို့ဖြင့် ထောက်ပံ့နေသော စေတနာရှင်များ ဆက်လက်၍ ထောက်ပံ့ပေးပါရန်နှင့် ထောက်ပံ့ပေးခြင်းများကိုလည်း လူနာများကိုယ်စားလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုက်ရပေသည်။ ။

# ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit)သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

**ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၁။ ရန်ကုန်-ပြည်-မန္တလေးလမ်းပေါ်ရှိ တံတားအမှတ်(၂/၅၀၉)ပန်းဆေးချောင်းတံတား၏ ချဉ်းကပ်နှစ်ဖက်မှာ သစ်သားကြမ်းခင်းများဖြစ်နေပါသဖြင့် R.C ကွန်ကရစ်ကြမ်းခင်းဆောင်ရွက်ပေးရေး မေးမြန်းချက်နှင့်ပတ်သက်၍ ရန်ကုန်-ပြည်-မန္တလေးလမ်းပေါ်ရှိ(၂/၅၀၉)ပန်းဆေးချောင်းတံတား၏ ကမ်းကပ်ခံ့သည် ခံနိုင်ရည်ရှိပါသဖြင့် ၂၀၁၃-၂၀၁၄ ဒီဇင်ဘာလကုန်တွင် ဘီးလမ်းကြမ်းခင်းများ လဲပေးခြင်း၊ ကတ္တရာကြမ်းခင်းအပြည့်ခင်းပေးပြီး တံတားအဖွဲ့များနှင့် ကွင်းဆင်းစစ်ဆေးကာ တန် ၃၀ ထိ ခံနိုင်ရည်ရှိသည့် တံတားအဖြစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။

၂။ မိတ္ထီလာမြို့ ကန်ကူးတံတားကို တိုးချဲ့တည်ဆောက်ရန်(သို့မဟုတ်)အသစ်တည်ဆောက်ပေးရန် ကိစ္စနှင့် ပတ်သက်၍ မိတ္ထီလာမြို့ ကန်ကူးတံတားသည် မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီမှ BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းပေါ်တွင် တည်ရှိပြီး မိတ္ထီလာကန်ကို ဖြတ်သန်းလျက် ဆောက်လုပ်ထားပါသည်။ တံတားအရှည် ပေ ၂၀၀ ရှိပြီး ချဉ်းကပ်လမ်းတာပေါင်အရှည် ပေ ၆၃၀ ရှိပါသည်။ ဒေသလိုအပ်ချက်အရ တံတားအသစ်တစ်စင်း ထပ်မံဆောင်ရွက်ပေးနိုင်ရန် လာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ် သန်း ၂၀၀ လျာထားပြီးဖြစ်ပါကြောင်း ဖြေကြားပါသည်။

၃။ ရွာမွန်သာကျေးရွာ၏ ရွာလယ်ကန်သို့ မိတ္ထီလာ-တောင်ကြီးလမ်းအား ဖြတ်၍ဝင်သော မူလရေဝင်တံတား မရှိတော့၍ ပြန်လည်တည်ဆောက်ပေးပါရန် ကိစ္စနှင့်ပတ်သက်၍ ရွာမွန်သာကျေးရွာ၏ ရွာလယ်ကန်သို့ဖြတ်၍ ဝင်သော မူလရေဝင်တံတားသည် တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေးကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းပေါ်တွင် တည်ရှိပါသည်။ အဆိုပါ တံတားအား (၄'- ၀")Box Culvert တစ်စင်းအဖြစ် စတင်တည်ဆောက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။

**ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၄။ သဲတောဘူတာအဝင် ကားလမ်းရှိ စည်းကမ်းမဲ့ဆိုင်များသည် လမ်းသွားလာမှုများအတွက် အန္တရာယ်ရှိနိုင်သဖြင့် ရှင်းလင်းပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ သဲတောဘူတာအဝင်လမ်းတွင် သွားလာရေးလွယ်ကူစေရန် လမ်းအန္တရာယ်ကင်းရှင်းစေရေးကို တစ်ပတ်အတွင်း ရှင်းလင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားပါသည်။

**ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းအကြံပြုချက်အပေါ် ဆောင်ရွက်မှုအခြေအနေများ**

၅။ ပျော်ဘွယ်မြို့ပေါ်ရှိ တယ်လီဖုန်း(ကြိုးဖုန်း)များ သုံးစွဲသူများအနေဖြင့် လမ်းဘေးရှိ ဖုန်းတိုင်များတွင် ဖုန်းကြိုးများမှာ ငှက်သိုက်သဖွယ် ရှုပ်ထွေးနေခြင်း၊ ကြိုးဖုန်းလိုင်းများ ပူးနေခြင်းတို့ကြောင့် ဖုန်းခေါ်ဆိုခများမှာ မိမိမပြောရဘဲ ကုန်ကျနေခြင်း၊ ဖုန်းခေါ်ဆိုခ(Bail)အား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် သွားရောက်တောင်းခံရာတွင်လည်း မိတ္ထီလာမြို့သို့စေလွှတ်ခြင်း၊ မိတ္ထီလာမြို့မှလည်း မန္တလေးမြို့သို့စေလွှတ်ခြင်း၊ မန္တလေးမြို့တွင်လည်း အလွယ်တကူ ကြည့်ရှု၍ မရခြင်းတို့အပေါ် ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်အပေါ် ပျော်ဘွယ်မြို့တွင်း ကေဘယ်များအား စနစ်တကျ သပ်ရပ်စွာ သွယ်တန်းထားရှိနိုင်ရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးသွားပါမည်။ ချွတ်ယွင်းလျက်ရှိသောနေရာများသို့ ကွင်းဆင်းစစ်ဆေး၍ အဆင့်လိုက် အစားထိုးလဲလှယ်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ ဖုန်းဘီလ်ကို သက်ဆိုင်ရာစာတိုက်စခန်းတွင် ဖုန်းဖြင့် မေးမြန်းနိုင်ပါကြောင်းနှင့် ပေးသွင်းထားသည့် ကြိုတင်ငွေကုန်သွားပါက ဖုန်းဆက်၍ အကြောင်းကြားပေးရန်လည်း ညွှန်ကြားထားပြီးဖြစ်ပါသည်။ ပျော်ဘွယ်မြို့စာတိုက်စခန်း ဖုန်းနံပါတ် ၀၆၄-၄၉၅၀၆ သို့ စုံစမ်းနိုင်ပါကြောင်းနှင့် အခက်အခဲရှိပါက မိတ္ထီလာမြို့၊ TRA ဌာန၊ ဖုန်းနံပါတ် ၀၂-၂၃၂၆၁ သို့ ဆက်သွယ်၍ ညှိနှိုင်း ဆောင်ရွက်နိုင်ပါသည်။ ဖုန်းဘီလ်မှာ နှစ်လခန့် နောက်ကျပြီးမှ ပေးသွင်းရခြင်းဖြစ်ပါသည်။ နောက်ပိုင်းတွင် သက်ဆိုင်ရာလ၏ ဘီလ်ကျသင့်ငွေအား နှစ်ပတ်အတွင်း သိရှိစေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

**ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး) သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့မှ ၁၃၇၂ -၁၃၇၃ ခုနှစ် ပညာသင်နှစ်တွင် သာသနတက္ကသီလမဟာဓမ္မာစရိယ(M.A)ဘွဲ့ (၁၂)ပါးနှင့် သာသနတက္ကသီလ ဓမ္မာစရိယ(B.A)ဘွဲ့ အပါး(၆၀)ရရှိတော်မူသော သံဃာတော်အရှင်သူမြတ် (၇၂) ပါးတို့အား ဘွဲ့ဆက်ကပ်မည့် (၁၉)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ၁၃၇၅ ခုနှစ် နတ်တော်လပြည့်နေ့ (ဒီဇင်ဘာ ၁၇ ရက်) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မဟာဘွဲ့နှင်းသဘင်ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ ဘွဲ့ခံယူတော်မူမည့် သံဃာတော်များထံသို့ ပင့်လျှောက်လွှာများကို စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်လွှာ လက်ခံရရှိခြင်းမရှိပါကလည်း ဘွဲ့နှင်းသဘင်သို့ ဒီဇင်ဘာ ၁၅ ရက် အရောက် အချိန်မီ ကြွရောက်တော်မူပါရန် ဘွဲ့ခံသံဃာတော်များအား သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာနက နှိုးဆော်ပင့်လျှောက်ထားကြောင်းနှင့် ယင်းမဟာ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပင့်သံဃာတော်(၁၃၀)၊ ဘွဲ့ခံသံဃာတော် (၇၂)ပါး၊ စုစုပေါင်း(၂၀၂)ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်ဖြစ်၍ ဆွမ်းဆန်စိမ်းလောင်းလှူလိုသော ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် တစ်ဦးချင်းပုဂ္ဂလိက အလှူရှင်များအနေဖြင့် အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဆွမ်းဆန်စိမ်းလောင်းလှူရေးကော်မတီ ဖုန်း ၀၁-၂၂၁၀၅၅၊ ၀၁-၂၂၁၀၅၂၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဖုန်း ၀၁-၆၆၁၂၇၅၊ ၀၁-၆၆၄၃၉၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

# ပို့ဆောင်ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit)သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၁။ မွန်ပြည်နယ် ပေါင်မြို့နယ်တွင်(၀၆း၀၀)မှ (၀၉း၀၀) နာရီအတွင်း GSM နှင့် CDMA ဖုန်းများ လိုင်းပြတ်တောက်ခြင်း၊ ဆက်သွယ်၍ မရခြင်းများအား ဆက်သွယ်ရေးလိုင်းများအချိန်မရွေး ကောင်းမွန်စေရန်ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ ပေါင်မြို့နယ်တွင် GSM စခန်း (၅)ခုနှင့် CDMA -450 စခန်း(၁)ခုတပ်ဆင်အသုံးပြုလျက်ရှိပါသည်။ ကနဦး စစ်ဆေးချက်များအရ သုံးစွဲနိုင်မှု ပမာဏထက်ကျော်လွန်သုံးစွဲခြင်း မရှိသော်လည်း လိုင်းကြပ်နေခြင်းအား စက်မှုပိုင်းဆိုင်ရာကွင်းဆင်း၍ စစ်ဆေးဆောင်ရွက်ပေးသွားပါမည်။ အဝေးလိုင်းဖိုင်ဘာဆက်ကြောင်းများကိုလည်း ချွတ်ယွင်းမှုနည်းပါးစေရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထပ်မံ၍ ပေါင်မြို့တွင် MECTel CDMA-800 MHz စခန်း(၁)ခု တည်ဆောက်ရန် အစီအစဉ်ရှိပါသဖြင့် မိုဘိုင်းဖုန်းသုံးစွဲမှုမျှတသွားမည်ဖြစ်ပြီး ဆက်သွယ်မှုအဆင်ပြေလာမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ ကျိုက်ထိုမြို့နယ်အတွင်း ပြည်သူလူထုအနေဖြင့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရေးအတွက် အင်တာနက်လိုင်းများ မြန်ဆန်စွာအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ အင်တာနက်သုံးစွဲမှုအနေဖြင့် မိုဘိုင်းဖုန်းများဖြင့်လည်း သုံးစွဲနိုင်ပါသည်။ ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်အတွင်း ကျိုက်ထိုမြို့၌ (၂၄)လိုင်းပါ ADSL အင်တာနက်စနစ် တပ်ဆင်ပေးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ သထုံမြို့နယ်တွင်း ADSL အင်တာနက်ပိုမိုသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးနိုင်ရေး မေးမြန်းချက်နှင့်စပ်လျဉ်း၍ မွန်ပြည်နယ် သထုံခရိုင် သထုံမြို့တွင်လက်ရှိ ADSL (၄၈) လိုင်း တပ်ဆင် အသုံးပြုလျက်ရှိပါသည်။ ဝန်ကြီးဌာနအနေဖြင့် ခရိုင်အဆင့်မြို့ကြီးများအား ADSL စနစ်တိုးချဲ့တပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ သထုံမြို့တွင် ထပ်မံ၍ ADSL (၄၈) လိုင်း DSLAM (၁)ခုကို ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်အတွင်း အပြီးတိုးချဲ့တပ်ဆင်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၄။ ရေးမြို့၌ အင်တာနက်လိုင်းများ မကောင်းသည့်အတွက် နည်းပညာနှင့်စက်ပစ္စည်းများ ဖြည့်ဆည်းပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍ အင်တာနက်လိုင်းနှင့်စပ်လျဉ်း၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ရေးမြို့တွင် ၂၄ လိုင်းပါ ADSL DSLAM တစ်ခု တပ်ဆင်ပေးရန် လျာထားဆောင်ရွက်လျက်ရှိပါသည်။ GSM (2.75 G) မိုဘိုင်းဖုန်း Internet လိုင်းများကို အဆင့်မြှင့်ပေးရန်ကိစ္စနှင့်စပ်လျဉ်း၍ 3G UMTS မိုဘိုင်းဖုန်းများကို ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် မိုဘိုင်း ငါးသန်းတိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းများတွင် ထည့်သွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါသည်။

၅။ ရေးမြို့ ကလိန်စေ့တောင်တွင် CDMA 800 MHz စက်များ တပ်ဆင်ရန်အတွက် တာဝါတိုင်၊ ဝန်ထမ်းအိမ်ရာ စက်တပ်ဆင်မည့်အဆောက်အအုံများ ပြီးစီးသော်လည်း စက်တပ်ဆင်နိုင်ခြင်း မရှိသေးသည့်အတွက် CDMA 800 MHz ကျပ် ၁၅၀၀ တန် ဖုန်းလိုင်းများ သုံးစွဲရသည်မှာ အဆင်မပြေသည့်အတွက် စက်တပ်ဆင်ပေးရန် မေးမြန်းချက်နှင့်စပ်လျဉ်း၍ ရေးမြို့ MECTel CDMA 800 MHz စနစ်ဆက်သွယ်မှုကောင်းမွန်စေရေးအတွက် ၂၀၁၄ ခုနှစ်အတွင်းတိုးချဲ့ဆောင်ရွက်မည့် CDMA 800 MHz တန်ဖိုးနည်း ဖုန်းစီမံကိန်းတွင် ထည့်သွင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၁။ သထုံမြို့သည် ခရိုင်မြို့ဖြစ်ပြီး ကုန်စည်စီးဆင်းမှုအလွန်များပြားသဖြင့် အန္တရာယ်များကင်းရှင်းစေရေးအတွက် မြို့ရှောင်လမ်း ဖောက်လုပ်ပေးရန် မေးမြန်းချက်နှင့်စပ်လျဉ်း၍ ရန်ကုန်-မော်လမြိုင်လမ်း မိုင်(၁၄၇/၀)မှ ညာဘက် သို့ ခွဲထွက်ပြီး မိုင်(၁၅၃/၀)တွင် လမ်းဟောင်းနှင့်တွေ့ဆုံမည့် သထုံမြို့ရှောင်လမ်းအပိုင်း ၆ ဒသမ ၁၆ မိုင် လမ်းအူကြောင်း တိုင်းတာပုံထုတ်ခြင်းနှင့် ရန်ကုန်-မော်လမြိုင်လမ်း မိုင်(၁၅၁/၂-၃)မှ ဘယ်ဘက်သို့ ခွဲထွက်ပြီး သထုံ-ဘားအံလမ်း မိုင် ၂/၄ တွင် တွေ့ဆုံမည့် သထုံမြို့ရှောင်လမ်း ၃ ဒသမ ၂ မိုင် လမ်းအူကြောင်း တိုင်းတာပုံထုတ်ခြင်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (လမ်းပုံထုတ်)မှ ဆောင်ရွက်ပြီးဖြစ်ပါသည်။ အဆိုပါ မြေနေရာများသည် လယ်မြေ၏ အလယ်တည့်တည့်တွင် ကျရောက်နေပါ၍ လယ်မြေလုပ်ကိုင်သူများ မိသားစုစားဝတ်နေရေးအတွက် များစွာဒုက္ခရောက်မည်ဖြစ်သဖြင့် လယ်မြေဆုံးရှုံးမှုနည်းပါးသည့် လမ်းကြောင်းအား ရွေးချယ်ဖောက်လုပ်စေလိုပါကြောင်း၊ ဒေသခံလယ်မြေလုပ်ကိုင်သူများမှ တင်ပြထားကြောင်းလည်း သိရှိရပါသည်။ သို့ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဘားအံမှ ရန်ကုန်ဆက်သွယ်သည့် လမ်းအူကြောင်းသစ်အား ထပ်မံစဉ်းစားဆောင်ရွက်စေမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။

၂။ ယခုလက်ရှိ သံဖြူဇရပ်-ရေးလမ်းသည် ကျဉ်းမြောင်းနေသည့်အတွက် ကားကြီးနှစ်စီးရှောင်တိမ်းရန် ခက်ခဲနေပါသည်။ လမ်းများလည်း မကောင်းဘဲ ပျက်စီးနေပါသည်။ ထို့ကြောင့် ၎င်းလမ်းအား ၁၂ ပေမှ ၁၈ ပေ အကျယ် လမ်းချဲ့ပေးရန်နှင့် ပျက်စီးနေသော လမ်းများပြုပြင်ပေးရန် မေးမြန်းချက်နှင့်စပ်လျဉ်း၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မော်လမြိုင်ခရိုင်မှ တာဝန်ယူဆောင်ရွက်သည့် ရန်ကုန်-မြိတ်လမ်း-သံဖြူဇရပ်-ရေး-မလွှဲတောင်အပိုင်းမှာ ၇၅ မိုင် ၆ ဖာလုံ၊ ၆၀ မိုင်ဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၂၆၀ ဒသမ ၀ သန်းဖြင့် ၁၃ မိုင် ၂ ဖာလုံ အရှည်အား ၁၂ ပေမှ ၁၈ ပေ အကျယ်ကတ္တရာလမ်းချဲ့ခင်း၍ မူလ ၁၂ ပေအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၁၂ ပေမှ ၁၈ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်း ၁၂ မိုင် ၄ ဖာလုံ၊ ၄၀ ပေ အကျယ်ရရန် မြေသားတာပေါင်လုပ်ငန်း ၁ မိုင် ၆ ဖာလုံနှင့် သံကူကွန်ကရစ်ရေထွက်ပေါက် ၁၆ စင်း ဆောင်ရွက်ရန်လျာထားပါသည်။ ၁၂ ပေမှ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းမှာ ၂၀ ရာခိုင်နှုန်းခန့်နှင့် သံကူကွန်ကရစ်ရေထွက်ပေါက် ၁၀ စင်း ဆောင်ရွက်ပြီးဖြစ်ပါသောကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်ချိန်တွင် ၁၈ ပေ အကျယ် ကတ္တရာလမ်းချဲ့ရန် ၆၀ မိုင်အနက်မှ စုစုပေါင်းအရှည် ၂၅ မိုင် ၆ ဖာလုံ ဆောင်ရွက်ပြီးမည်ဖြစ်ပါသည်။ နှစ်စဉ်ရရှိရန်ပုံငွေဖြင့်လည်း လမ်းတိုးတက် ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ မုဒုံမြို့နယ် အဘစ်-တံခွန်တိုင်လမ်းပေါ်ရှိ ပျက်စီးနေသော ပေ ၅၀ အထက် သစ်သားတံတား ခြောက်စင်းအား ပြုပြင်တည်ဆောက်ပေးရန် မေးမြန်းချက်နှင့် စပ်လျဉ်း၍ မုဒုံမြို့နယ် အဘစ်-တံခွန်တိုင်လမ်းပေါ်ရှိ ပျက်စီးနေသော ပေ ၅၀ အထက် သစ်သားတံတား(ပေါင်စောက်)ချောင်းသည် မြေခံနိုင်ဝန်အားစမ်းသပ်ထားပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)တွင် ဒီဇိုင်းတင်ပြတောင်းခံထားပြီး ရရှိရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပေ ၅၀ အောက် သစ်သားတံတား ခြောက်စင်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်ဆောင်ရွက်ရန် လျာထားပါသည်။

**ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၁။ မော်လမြိုင်-ရန်ကုန်-မော်လမြိုင်-ထားဝယ် ရထားလမ်းပိုင်းများ အဆင့်မြှင့်ပြုပြင်ပေးရန် မေးမြန်းချက်နှင့် စပ်လျဉ်း၍-

(၁) ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ် ရထားလမ်း အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းချက်နှင့်စပ်လျဉ်း၍ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း မွန်ပြည်နယ်အတွင်းရှိ စစ်တောင်းတံတားမှမော်လမြိုင်ထိ လမ်းပိုင်းတွင် ကွန်ကရစ်ဇလီဖား ၂၂၈၀၀၀ တုံးဖြည့်တင်း၍ လျာထားရာ ၂၁၀၀၀၀ တုံးဖြည့်တင်းပြီးဖြစ်၍ ၉၂ ရာခိုင်နှုန်း ဆောင်ရွက်ထားပြီးဖြစ်ပါသည်။ ကျန် ၁၈၀၀၀ တုံးအားဆက်လက် ဖြည့်တင်းသွားမည်ဖြစ်ပါသည်။ ယခုဘဏ္ဍာရေးနှစ်အတွင်း လမ်းခင်းကျောက်လမ်းပိုင်းအတွင်း ဖြည့်တင်းရန် ၁၀၀၀၀ ကျင်းလျာထားခဲ့ရာ ၅၉၀၀ ကျင်းဖြည့်တင်းထားပြီးဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိသော သံလမ်းဆက်ညှိခြင်း၊ တောက်လျှောက်ပါကင်ရိုက်ခြင်းများကိုလည်း တစ်ပြိုင်နက် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် တောင်စွန်း-နှင်းပုလဲဘူတာကြား လေးချောင်းဆက်သံလမ်း ဂဟေဆော်ခြင်းလုပ်ငန်းအား လမ်းပိုင်း ကြံ့ခိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ ဖော်ပြပါ လုပ်ငန်းများအပြင် စစ်တောင်း-မော်လမြိုင်လမ်းပိုင်းရှိ ဘူတာယာဒ်ဝင်းလမ်းများအား ကွန်ကရစ်ဇလီဖား ဖြည့်တင်းခြင်းဖြင့် လမ်းပိုင်းပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၂) မော်လမြိုင်မှရေးအထိ လမ်းပိုင်းတွင် ကွန်ကရစ်ဇလီဖားဖြည့်တင်းရန် ၂၁၃၉၅၂ တုံးလျာထားပြီး ၁၄၁၉၅၂ တုံးဖြည့်တင်းထားပြီးဖြစ်၍ ကတ် ၇၂၀၀၀ တုံးအား ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်ဖြည့်တင်းသွားမည်ဖြစ်ပါသည်။ ယခုဘဏ္ဍာရေးနှစ်တွင် ဦးစားပေးပြုပြင်ခြင်းအနေဖြင့် မော်လမြိုင်-သံဖြူဇရပ် ဘူတာကြား လမ်းပိုင်းအား ပထမဦးစားပေးအဖြစ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် တံတားအဝင်/အထွက် လမ်းပိုင်းများနှင့် ကွေ့လမ်းပိုင်းများတွင် လမ်းပိုင်းကြံ့ခိုင်ရေးအတွက် ကွန်ကရစ်ဇလီဖားဖြည့်တင်း၍ ပြုပြင်ဆောင်ရွက်လျက်ရှိပါသည်။ ကျန်လမ်းပိုင်းဖြစ်သော သံဖြူဇရပ်မှလမိုင်းထိ လမ်းပိုင်းအား ဒုတိယဦးစားပေးအနေဖြင့်လည်းကောင်း၊ လမိုင်းမှရေးထိ လမ်းပိုင်းအား တတိယဦးစားပေးအဖြစ်လည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဖြည့်စွက်ဘဏ္ဍာငွေအတွင်း ဦးစားပေးအလိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၃) ရေးမှထားဝယ်ထိ လမ်းပိုင်းတွင် အဆင့်မြှင့်ပြုပြင်ခြင်းအနေဖြင့် ချောင်းတောင်-ကိုးမိုင်လမ်းပိုင်း၊ မင်းသား- ဂန့်ဂေါ်တောင်လမ်းပိုင်း၊ ရေဖြူ-ထားဝယ်လမ်းပိုင်းစသည့် လမ်းပိုင်းသုံးခုအား ကွန်ကရစ်ဇလီဖား ၂၃၅၃၅ တုံးလျာထားပြီး ၉၉၆၆ တုံး ဖြည့်တင်းထားပြီးဖြစ်ပါသည်။ ထို့ပြင် လမ်းပိုင်းကြံ့ခိုင်မှုရှိစေရေးအတွက် ကွေ့လမ်းပိုင်းများအား ကွန်ကရစ်ဇလီဖားတုံးလဲလှယ်ပြီး လမ်းပိုင်းပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ ရေးမြို့နယ်၌ ကွမ်းသီးများထွက်နှုန်းကောင်း၍ ကွမ်းရာသီတွင် ရထားများအနေဖြင့် ကွမ်းကိုသယ်ယူပို့ဆောင်နိုင်လျှင် နိုင်ငံတော်နှင့်ဌာနအတွက် အကျိုးရှိမည်ဖြစ်ပါ၍ မြန်မာ့မီးရထားမှ နည်းလမ်းရှာဖွေဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့်စပ်လျဉ်း၍ လက်ရှိတစ်တန်တစ်မိုင် ၄၅ ကျပ်နှုန်းထားဖြင့် သယ်ယူလျက်ရှိပါသည်။ Market Sharing ရရှိရေးအတွက် ကားများနှင့်ယှဉ်ပြိုင်နိုင်ရန် ရထားနှင့်ပုဂ္ဂလိကပူးပေါင်းမှုအစီအစဉ် Public Private Partnership ဖြင့် ပြေလည်အောင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ပို့ဆောင်ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆပ်ကော်မတီ**



# လှိုင်သာယာသံသုမာလမ်းအား ကွန်ကရစ်လမ်းခင်းရန် ကွင်းဆင်းတိုင်းတာ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၉) ရပ်ကွက်အတွင်းရှိ သံသုမာလမ်းမသည် နှစ်ကာလရှည်ကြာမှုအရ ယိုယွင်းပျက်စီးမှုများ ရှိနေသဖြင့် ပြည်သူများ၏ ဆန္ဒအရ စုပေါင်းထည့်ဝင်ငွေ ကျပ် ၄၂ သိန်း မတည်မှုနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ပူးပေါင်း ပံ့ပိုးခင်းကျင်းပေးရန် နိုဝင်ဘာ ၂၅ ရက် ရက်စွဲဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြ ထားခဲ့သည်။

ယင်းကဲ့သို့ပြည်သူများ၏ တင်ပြချက်အပေါ် ဝန်ကြီးဌာနမှ လေ့လာသုံးသပ်သိရှိမှုအရ ခရိုင်၊ မြို့နယ်အဆင့် (လမ်းတံတား)ဌာနမှ တာဝန်ရှိသူများကို အချိန်နှင့်တစ်ပြေးညီကွင်းဆင်းတိုင်းတာ တွက်ချက်ပြန်လည်တင်ပြပေးရန် ညွှန်ကြားလာမှုအရ မြို့နယ်ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်းနှင့်အတူ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (အနောက်ပိုင်းခရိုင်)(၂) လမ်းနှင့်တံတားခရိုင်မှူး ဦးကံညွန့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့(လမ်းနှင့်တံတား)ဌာနမှ အင်ဂျင်နီယာများက လမ်းဖြစ်မြောက်ရေးကော်မတီ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်အေး၊ ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့မှ တာဝန်ရှိသူများက သံသုမာလမ်းမကြီးအား ကွန်ကရစ်လမ်း ခင်းကျင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ဒီဇင်ဘာ ၁၃ ရက် နံနက် ၈ နာရီက ကွင်းဆင်းကြည့်ရှုတိုင်းတာ စစ်ဆေးသွားခဲ့သည်ဟု သိရသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**

# ၁၃၀၀ ပြည့် ချောက်ရေနံမြေအလုပ်သမားအရေးတော်ပုံ (၇၅)နှစ်မြောက် စိန်ရတုအခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ဒီဇင်ဘာ ၁၁ ရက် (၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၉ ရက်)တွင် ကျင်းပသည့် ၁၃၀၀ ပြည့် ချောက်ရေနံမြေအလုပ်သမားအရေးတော်ပုံ (၇၅) နှစ်မြောက် စိန်ရတုအခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ၁၃၀၀ ပြည့် ရေနံမြေအလုပ်သမားအရေးတော်ပုံကြီးသည် ၁၃၀၀ ပြည့်နှစ် နတ်တော်လဆန်း ၉ ရက်နေ့တွင် ဖြစ်ပွားခဲ့ပါကြောင်း၊ ရေနံမြေအလုပ်သမားများ၏ ရသင့်ရထိုက်သော အခွင့်အရေးများရရှိနိုင်ရေးအတွက် ရဲဝံ့စွန့်စားစွာတော်လှန်ခဲ့ကြသည်မှာ ယခုအခါ (၇၅)နှစ်တာကာလရောက်ခဲ့ပြီ ဖြစ်ပါကြောင်း၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ချောက်ရေနံမြေမှ ရန်ကုန်အထိ မိုင် ၄၀၀ ခရီးကို အဟန့်အတားအခက်အခဲများ ကျော်လွှားပြီး ခြေကျင်ခရီးချီတက် သပိတ်မှောက်ခဲ့ကြပါကြောင်း၊ သူတို့၏ ဇွဲ၊ သတ္တိ၊ စိတ်ဓာတ်များသည် အင်္ဂလိပ်အစိုးရကို တုန်လှုပ်စေခဲ့ပြီး အလုပ်သမား၊ လယ်သမား၊ ကျောင်းသားများပါမကျန် စုစည်းညီညွတ်ခဲ့ကြသည်မှာ အလွန်ဂုဏ်ယူစရာကောင်းလှပါကြောင်း၊ ထိုသို့ တိုက်ပွဲဝင်ခဲ့ကြသော သခင်၊ သခင်မကြီးများအား မမေ့မလျော့ဘဲ ဂုဏ်ပြုသည့်အနေဖြင့် စိန်ရတုအခမ်းအနားကို ယခုအခါ ကျင်းပဂုဏ်ပြုနိုင်ခဲ့ကြပြီ ဖြစ်ပါကြောင်း၊ အဆိုပါ စွန့်လွှတ်စွန့်စား ပုဂ္ဂိုလ်များမရှိကြတော့သော်လည်း ၎င်းတို့၏ မျိုးဆက်များအား လက်ဆင့်ကမ်းပေးခဲ့ကာ လွတ်လပ်ပြီး ငြိမ်းချမ်းသည့် အလုပ်သမားအကျိုး၊ တိုင်းပြည်အကျိုးပြုနိုင်ခဲ့ကြပြီဖြစ်ပါကြောင်း၊ ယနေ့အချိန်အခါတွင် အမျိုးသားရေးနှင့် နိုင်ငံရေး နိုးကြားတက်ကြွမှုရှိသော ချောက်ရေနံမြေမှ ပြည်သူလူထုကြီးအား ဂုဏ်ပြုခြင်းနှင့်အတူ မျိုးဆက်သစ်များအနေဖြင့် ဒီမိုကရေစီအနှစ်သာရနှင့်အညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် ပွင့်လင်းမြင်သာပြီး လူတိုင်းလူတိုင်းမှ တာဝန်ခံ၊ တာဝန်ယူ၍ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ဖြင့် ငြိမ်းချမ်းသာယာသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ်သို့ရောက်ရှိရေး ဆက်လက်ဆောင်ရွက်သွားကြရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ ၁၃၀၀ ပြည့် ချောက်ရေနံမြေအလုပ်သမားအရေးတော်ပုံကြီး၏ ၇၅ နှစ်မြောက် စိန်ရတုအခမ်းအနားမှ စတင်၍ ပြည်သူအတွက်၊ နိုင်ငံတော်အတွက်၊ ပြည်ထောင်စုအတွက် တစ်မျိုးသားလုံး စိတ်ကောင်းစေတနာမှန်ဖြင့် ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်းဖြင့် ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**



၅၆ ကီလိုတန်း(ကျား) အလေးမပြိုင်ပွဲတွင် တတိယဆုရ ပြည့်ဖြိုးအား ဆုယူအပြီး တွေ့ရစဉ်။ (ဓာတ်ပုံ-ငွေးခိုင်)

**❖ (၂၇)ကြိမ်မြောက်မှ**

၂၈၅ ကီလိုဖြင့် စံချိန်သစ်တင်နိုင်ခဲ့ပြီး ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့သည်။ ငွေတံဆိပ်ဆုကို အင်ဒိုနီးရှားနိုင်ငံမှ Jadi Setiadi က ရရှိပြီး မြန်မာနိုင်ငံမှ ပြည့်ဖြိုးက ကြေးတံဆိပ်ဆု အသီးသီးရရှိခဲ့သည်။

အမျိုးသား ၅၆ ကီလိုတန်းတွင် မလေးရှား၊ ဗီယက်နမ်၊ မြန်မာနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ အားကစားသမားများ ယှဉ်ပြိုင်ခဲ့ကြသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အလေးမအားကစားပြိုင်ပွဲ၏ ဒီဇင်ဘာ ၁၃ ရက်အတွက် နောက်ဆုံးပွဲစဉ်အဖြစ် အမျိုးသား ၆၂ ကီလိုတန်းတွင် အင်ဒိုနီးရှားနိုင်ငံမှ အလေးမအားကစားသမား Eko Yoli Irawan က ယခင် ၃၀၂ ဆီးဂိမ်းစံချိန်ဟောင်းကို ချိုး၍ ၃၀၄ ဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည်။

ယင်းပွဲစဉ်တွင် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ မလေးရှားနှင့် မြန်မာ စုစုပေါင်း ငါးနိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ဒုတိယငွေတံဆိပ်ကို ဗီယက်နမ်က ရရှိပြီး တတိယ ကြေးတံဆိပ်ဆုကို မြန်မာနိုင်ငံက ရရှိခဲ့သည်။

အမျိုးသမီးအလေးမပွဲစဉ်တွင် အမျိုးသမီး ၄၈ ကီလိုတန်း၌ အိမ်ရှင်မြန်မာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ အလေးမအမျိုးသမီးအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါပွဲစဉ်တွင် အင်ဒိုနီးရှားနိုင်ငံမှ ရွှေတံဆိပ်၊ ထိုင်းနိုင်ငံမှ ငွေတံဆိပ်နှင့် ဗီယက်နမ်နိုင်ငံမှ ကြေးတံဆိပ်ဆု အသီးသီးရရှိကြသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ အလေးမပွဲစဉ်များကို ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံ၌ ဒီဇင်ဘာ ၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပခဲ့ပြီး အမျိုးသား ၅၆ ကီလိုတန်း၊ အမျိုးသမီး ၄၈ ကီလိုတန်းနှင့် အမျိုးသား ၆၂ ကီလိုတန်းများကို စတင်ယှဉ်ပြိုင်ခဲ့သည်။ အဆိုပါပွဲစဉ်သုံးခုတွင် မြန်မာနိုင်ငံမှ အမျိုးသားအလေးမ ပွဲစဉ်နှစ်ခုတွင် ကြေးတံဆိပ်နှစ်ခု ရရှိခဲ့သည်။

အလေးမပြိုင်ပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံ၌ ဒီဇင်ဘာ ၁၃ ရက်မှစတင်ပြီး ၁၆ ရက်အထိ နေ့စဉ်ပြိုင်ပွဲနှင့် ဆုပေးပွဲများကို တစ်ပါတည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ အလေးမပွဲစဉ်များကို အိမ်ရှင်မြန်မာ အပါအဝင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နမ် စုစုပေါင်း ပြိုင်ပွဲဝင်နိုင်ငံ ခြောက်နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ **(သတင်းစဉ်)**

# အမျိုးသားဘောလုံးပွဲစဉ်များ ဆက်လက်ကျင်းပ မလေးရှားက လာအိုကို လေးဂိုး-တစ်ဂိုးဖြင့်နိုင်

သတင်း - နိုင်လင်းကြည် ❖ ဓာတ်ပုံ - ALEZ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ အမျိုးသားဘောလုံးပွဲစဉ်များကို ဒီဇင်ဘာ ၁၃ ရက် ညနေပိုင်းက ဇေယျာသီရိ အားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ညနေ ၄ နာရီတွင် ယှဉ်ပြိုင်ကစားခဲ့သော မလေးရှားအသင်းနှင့် လာအိုအသင်းတို့၏ ပွဲစဉ်တွင် မလေးရှားအသင်းက လာအိုအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် မလေးရှားအသင်းမှ တာမီဇီရိုစလန်၊ သာယာပါရန်၊ ရာရှူးလ်၊ မိုဒ်ရှက်၊ ဘာရာရှုဒင်၊ ဆာယာဗင်ဒရန်၊ ဖာဇေလ်၊ အမ်ဘူမေး၊ ဟက်ဇ်ဝန်ဘာကရီ၊ ဆီဗာနီဆန်၊ နာဇီရှူးလ်နာအင်စသည့် ကစားသမားများကို နည်းပြကင်ဆီးက ပွဲထွက်ကစားစေခဲ့ပြီး လာအိုအသင်းနည်းပြ ကီမူရာကမူ ဆွမ်ဗန်း၊ အင်သီလက်၊ ဆီဗန်သန်၊ ဇေယျာဘောင်ဆူး၊ ခိုချာလန်၊ ဖွမ်ဆူ၊ ဗန်း၊ ဆိုင်ဗီလေး၊ ဗွန်ချီယန်ခမ်၊ ဆီဟာဗန်၊ ဆောက်ဆာဗန်း၊ ဟာနီဗီလေးစသည့် ကစားသမားများကို ပွဲထွက်ကစားစေခဲ့ရာ ပထမပိုင်း ပွဲကစားချိန် ခုနစ်မိနစ်တွင် မလေးရှားကစားသမား ဟက်ဇ်ဝန်ဘာကရီ၏ သွင်းဂိုးဖြင့် မလေးရှားအသင်းက အဖွင့်ဂိုးစတင်ရရှိခဲ့သည်။

ထို့နောက် လာအိုအသင်း၏ တန်ပြန်တိုက်စစ်ကြောင့် ဗွန်ချီယန်ခမ်၏ ပွဲကစားချိန် ၄၁ မိနစ်တွင် သွင်းယူခဲ့သည့်သွင်းဂိုးဖြင့် လာအိုအသင်းချေပဂိုးရရှိကာ ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သော်လည်း ဒုတိယပိုင်းတွင် မလေးရှားကစားသမား ဟက်ဇ်ဝန်ဘာကရီက နှစ်ဂိုးထပ်မံသွင်းယူပေးခဲ့သည့်အပြင် လာအိုကစားသမား ဆောက်ဆာဗန်းက ကိုယ့်ဂိုးကိုယ်ပြန်သွင်းခဲ့သလို ဖြစ်ခဲ့ခြင်းကြောင့် ပွဲကစားချိန် မိနစ် ၉၀ ပြည့်ခဲ့ရာ မလေးရှားအသင်းက လာအိုအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



ဘရူနိုင်းအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ညနေ ၆ နာရီ ၄၅ မိနစ်တွင် စတင်ကစားခဲ့သော အမျိုးသားဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်တွင်မူ ဘရူနိုင်းအသင်းနှင့် စင်ကာပူအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ စင်ကာပူအသင်းက ဘရူနိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

# ငွေဆောင်ကမ်းခြေ၌ ကျင်းပမည့် ရွက်လှေပြိုင်ပွဲအတွက် ပြိုင်ပွဲဝင် ရွက်လှေများအား မှတ်ပုံတင်ခြင်းနှင့် စစ်ဆေးတိုင်းတာခြင်းများပြုလုပ်

**ငွေဆောင် ဒီဇင်ဘာ ၁၃**

ဒီဇင်ဘာ ၁၅ ရက်တွင် ငွေဆောင်ကမ်းခြေ၌ စတင်ကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွက်လှေပြိုင်ပွဲအတွက် လှေနှင့် ရွက်တိုင်ရွက်များတွင် ပါဝင်သော ပစ္စည်းများအား ပြိုင်ပွဲဝင်အားကစားနည်းအလိုက် လှေနှင့် အလေးချိန်တူညီမှုရှိစေရန် ဒီဇင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ ပြိုင်ပွဲဝင် ရွက်လှေများအား မှတ်ပုံတင်ခြင်းနှင့် စစ်ဆေးတိုင်းတာခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ မှတ်ပုံတင်ခြင်းနှင့် အသေးစိတ်စစ်ဆေးတိုင်းတာမှု (Registration & Measurement) များပြုလုပ်ရာတွင် နိုင်ငံတကာ အသိအမှတ်ပြု ကျွမ်းကျင်ပညာရှင် ကိုရီးယားနိုင်ငံသူနှင့် ပညာရှင်များက စစ်ဆေးခြင်းဖြစ်သည်။ မှတ်ပုံတင်ခြင်းနှင့် အသေးစိတ်စစ်ဆေးတိုင်းတာမှု (Registration & Measurement)များ ပြုလုပ်ရာတွင် ပြိုင်ပွဲတွင် အသုံးပြုမည့် လှေများ အလေးချိန်ညီမျှစေရန် ခြင်တွယ်ခြင်း၊ ရွက်တိုင်၊ ရွက်နှင့် ရွက်ပေအရှည်များ ညီညွတ်မှုတမှု ရှိစေရန် တိုင်းတာစစ်ဆေးမှုများ လုပ်ဆောင်စစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။

"အခုလို လှေအလေးချိန်၊ ရွက်တိုင်နှင့် ရွက်ပေအရှည်တွေကို စစ်ဆေးတိုင်းတာတယ်ဆိုတာက နိုင်ငံတကာ စံနှုန်းအတိုင်း လုပ်ဆောင်တာပါ။ ပြိုင်ပွဲဝင်စည်းမျဉ်းစည်းကမ်းတွေအတိုင်း နိုင်ငံတကာ ပြိုင်ပွဲဝင် အားကစားသမားတွေ အသုံးပြုမယ့် ရွက်လှေတွေက တစ်သမတ်တည်းဖြစ်ဖို့ လိုပါတယ်" ဟု ရွက်လှေပြိုင်ပွဲကျင်းပရေး ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

(၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်မည့် ရွက်လှေအားကစားပြိုင်ပွဲအား မြန်မာနိုင်ငံမှ အိမ်ရှင်အားသာချက်အနေဖြင့် မိမိကြိုက်နှစ်သက်ရာ ရွက်လှေအားကစားနည်းတစ်မျိုးဖြင့် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် (Half-Rater) ရွက်လှေအမျိုးအစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပြုလုပ်သော သစ်သားရွက်လှေဖြင့် ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်သည်။ အဆိုပါ သစ်သားရွက်လှေပြုလုပ်ရာတွင် ရွက်လှေပြိုင်ပွဲအားကစားနည်းများတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံပေါင်း ခြောက်နိုင်ငံအတွက် သစ်သားရွက်လှေ ခြောက်စင်း ပြုလုပ်စီစဉ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ၁၉၆၁ ခုနှစ်တွင် ပြုလုပ်သော ဒုတိယအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်ပြိုင်ပွဲတွင် ပထမဆုံးအိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိပြီး ရွက်လှေအားကစားနည်းအား အရှေ့တောင်အာရှနိုင်ငံများ၌ ပထမဆုံးအကြိမ်အဖြစ် ထည့်သွင်းကျင်းပသောနိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ **(သတင်းစဉ်)**

# ရွှေတံဆိပ်ယူခဲ့သည့်ကရာတေးဒို

**နေပြည်တော် ဒီဇင်ဘာ ၁၃**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းအားကစားပြိုင်ပွဲကြီးကို နေပြည်တော်တွင် မြောက်မြားစွာသော ပရိသတ်အားပေးမှုများနှင့် ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကရာတေးဒိုအားကစားနည်း စတင်ယှဉ်ပြိုင်သော ပထမနေ့ဖြစ်သည်။ ယနေ့စတင်သည့် ကရာတေးဒိုအားကစားနည်းတွင် နိုင်ငံပေါင်းရှစ်နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ မြန်မာအမျိုးသမီးသုံးယောက်တွဲ ခတ(Kata) တွင် မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ လာအိုနိုင်ငံတို့မှ ယှဉ်ပြိုင်ခဲ့ကြသည်။ ခတ(Kata) ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှရွှေတံဆိပ်ကို အမျိုးသမီးသုံးယောက်တွဲမှ ပထမဆုံးကရာတေးဒို၏ ရွှေတံဆိပ်အား အမိမြန်မာနိုင်ငံအတွက် ရယူပေးခဲ့သည်။ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော မြန်မာနိုင်ငံမှ သဇင်အေး၊ ဆွေဆွေအောင်၊ ပိုးမြတ်တို့မှာ ရွှေတံဆိပ်ကို ကိုင်မြှောက်ပြီး "မြန်မာနိုင်ပြီ"ဟု ဝင့်ကြွားခဲ့သည်မှာ မြန်မာတို့အတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားများကို ညနေပိုင်းတွင် ကျင်းပရာ ပထမဆုရွှေရရှိသည့် မြန်မာအမျိုးသမီးအသင်း၊ ငွေရရှိသည့် ဗီယက်နမ်အသင်း၊ ပူးတွဲကြေးရရှိသည့် အင်ဒိုနီးရှားနှင့် မလေးရှားအသင်းတို့ကို ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ **သန်းနိုင်(ဇမ္ဗူသီရိ)**

# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြားပစ်ပြိုင်ပွဲ၊ ဘိလိယက်နှင့် စနူကာပြိုင်ပွဲနှင့် ကရာတေးဒိုပြိုင်ပွဲများဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မြားပစ်ပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ မြားပစ်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဖြိုးကိုကိုတင့်ဆန်းနှင့် ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌတို့က အဖွင့်အမှာစကားများ ပြောကြားကြပြီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် တာဝန်ရှိသူတို့က ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

အလားတူ ယနေ့ နံနက်ပိုင်းတွင် ကရာတေးဒိုအားကစားပြိုင်ပွဲကို ဖွင့်လှစ်ရာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့်အဖွဲ့ဝင်များတက်ရောက် အားပေးဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကရာတေးဒိုအားကစားပြိုင်ပွဲကို ပွဲစဉ်များအတိုင်း ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်နိုင်ငံများအလိုက် အားကစားမောင်မယ်များက အသင်းအဖွဲ့အလိုက် သရုပ်ပြကစားခြင်းနှင့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြရာ ပြိုင်ပွဲသို့ လာရောက်အားပေးကြသူ ပရိသတ်များက လက်ခုပ်သြဘာသံများပေးကာ တစ်ခဲနက်အားပေးကြသည်ကို တွေ့ရှိရသည်။

နံနက်ပိုင်းပြိုင်ပွဲ ပြီးဆုံးသည့်အချိန်ထိ ကရာတေးဒိုအားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံအသင်းများမှ အမျိုးသားစွမ်းရည်ပြပြိုင်ပွဲ၌ ငွေတံဆိပ်တစ်ခုနှင့် အမျိုးသမီး စွမ်းရည်ပြပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိထားပြီးဖြစ်ကြောင်း သိရသည်။

ထို့အတူ နံနက် ၉ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိ အားကစားဝင်းအတွင်းရှိ ဘိလိယက်နှင့် စနူကာ အားကစားခန်းမ၌ ဘိလိယက်နှင့် စနူကာအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းတို့က အဖွင့်အမှာစကား ပြောကြားကြပြီး ဒိုင်လူကြီးများကိုယ်စား ဒိုင်လူကြီးတစ်ဦးနှင့် အားကစားသမားများကိုယ်စား အားကစားသမားတစ်ဦးတို့က အားကစားအဓိဋ္ဌာန် ကတိသစ္စာများ ရွတ်ဆိုကြသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့်အဖွဲ့သည် ပြိုင်ပွဲဝင် အားကစားအသင်းများအား လိုက်လံနှုတ်ဆက်ပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပြိုင်ပွဲကို ကျူထိုး၍ ဖွင့်လှစ်ပေးပြီး အားကစားပြိုင်ပွဲ ပွဲစဉ်များကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့နာယကကြီးများနှင့် အလှူရှင်များက ဆီးဂိမ်းပြိုင်ပွဲဝင် ဟော်ကီနှင့် ကမ်ပိုအားကစားသမားများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၃**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နေသော ဟော်ကီနှင့် ကမ်ပို အားကစားသမားများအတွက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကကြီးများနှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး သိမ်ဖြူမြက်ခင်းတူ ဟော်ကီကွင်းရှိ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက ဒေါ်တင်လတ်မင်းက ငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းပြီး မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထင်ဇော်ဝင်းက လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကကြီးများဖြစ်ကြသော ဒေါ်ခင်သက်ဌေးနှင့် ဒေါ်ခင်အေးနွယ်၊ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါက်တာဒေါ်အေးအေးခိုင်မြင့်နှင့် အမှုဆောင်များ တက်ရောက်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကကြီးများသည် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကျိုက္ကဆံ အားကစားကွင်းရှိ ကမ်ပိုအားကစားအဖွဲ့ချုပ်၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် လက်ရွေးစင် ကမ်ပိုအားကစားသမားများအား မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက အလှူငွေများပေးအပ်လှူဒါန်းရာ ကမ်ပိုလက်ရွေးစင်အားကစားသမားများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဗီယက်နမ်အမျိုးသမီးအသင်း ဂိုးပြတ်နိုင်

**မန္တလေး ဒီဇင်ဘာ ၁၃**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ(မန္တလေးဇုန်)တွင် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်ပြိုင်ပွဲများကို မန္တလေးမြို့ရှိ မန္တလာသီရိ အဆင့်မြင့် အားကစားကွင်း၌ ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့ ညနေ ၄ နာရီက (က)အုပ်စုပွဲစဉ်အဖြစ် လက်ရှိချန်ပီယံဗီယက်နမ် အမျိုးသမီးဘောလုံးအသင်းနှင့် တစ်ပွဲရှုံးထားသည့် ဖိလစ်ပိုင်အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းက ခုနစ်ဂိုး-ဂိုးမရှိဖြင့် ခြေစွမ်းပြအနိုင်ရရှိခဲ့သည်။

ယနေ့ပြိုင်ပွဲပထမပိုင်း ခုနစ်မိနစ်တွင် ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းအတွက် အနိုင်ဂိုးများကို ကျောနံပါတ်(၁၃) THI MUON NGU YEN က အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီး ၁၁ မိနစ်တွင် ကျောနံပါတ် (၈) THI MINHNGUYET NGUYEN က ဒုတိယအနိုင်ဂိုးသွင်းယူကာ ဗီယက်နမ်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဖိလစ်ပိုင်အသင်းကိုဦးဆောင်ယှဉ်ပြိုင်ကစားခဲ့သည်။

ဒုတိယပိုင်းတွင် ဗီယက်နမ်အသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ အပြန်အလှန် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ၅၈ မိနစ်တွင် ဗီယက်နမ်အသင်းမှ ကျောနံပါတ် (၂၃) THI KIM HONG TRAN က တတိယဂိုး၊ မိနစ် ၆၀ တွင် ကျောနံပါတ်(၈) THI MINH NGUYEN က စတုတ္ထဂိုး၊ မိနစ် ၇၀ နှင့် ၈၃ မိနစ်တို့တွင် ကျောနံပါတ် (၉) NHU HU YNH က စတုတ္ထဂိုး၊ သတ္တမဂိုးနှင့် ၇၂ မိနစ်တွင် ကျောနံပါတ်(၇) THI TUYET DUNG NGUYEN က ဆဋ္ဌမဂိုးတို့ကို အချိတ်ဆက်မိမိဖြင့် ဆက်တိုက်အနိုင်ဂိုးများကို အပိုင်သွင်းယူနိုင်ကြခဲ့ပြီး အဆုံးသတ်မသေချာသော ဖိလစ်ပိုင်အသင်းမှာ ချေပဂိုးရရှိရန် ခြေစွမ်းရှိသမျှ ကြိုးစားသော်လည်း ဗီယက်နမ်အသင်းဂိုးသမား THIKIEU TRIWH DANG(ဂိုး)နှင့် နောက်တန်းများက ကြံ့ကြံ့ခံ ပိတ်ဆို့ကာကွယ်နိုင်ခဲ့သဖြင့် ဂိုးမရရှိနိုင်တော့ဘဲ နာမည်ကြီးလေးထပ်ကွမ်း လက်ရှိချန်ပီယံ ဗီယက်နမ်အမျိုးသမီး ဘောလုံးအသင်းက ခုနစ်ဂိုးပြတ်ဖြင့် ခြေစွမ်းပြယှဉ်ပြိုင်အနိုင်ရရှိသွားကြောင်း သိရသည်။



သတင်းနှင့် ဓာတ်ပုံ
တင်မောင်(မန္တလေး)



ရန်ကုန်မြို့ သိမ်ဖြူဟော်ကီကွင်းတွင် မြန်မာအမျိုးသမီးဟော်ကီအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

# ထိုင်းအမျိုးသမီးဟော်ကီအသင်း ပွဲဦးထွက်(၂၆)ဂိုးဖြင့် အနိုင်ရ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသား အမျိုးသမီး ဟော်ကီအုပ်စုပတ်လည် ပွဲစဉ်များကို ရန်ကုန်မြို့ သိမ်ဖြူဟော်ကီကွင်း၌ ဒီဇင်ဘာ ၁၃ ရက် နံနက် ၇ နာရီက စတင်ကျင်းပသည်။

ဟော်ကီအုပ်စုပွဲစဉ်များကို ဒီဇင်ဘာ ၁၃ ရက်တွင် ငါးပွဲ ကစားခဲ့သည်။ အမျိုးသမီးဟော်ကီပွဲစဉ်ကျင်းပရာတွင် ထိုင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကြရာ ထိုင်းအသင်းက ၂၆ ဂိုး-ဂိုးမရှိဖြင့် အပြတ်အသတ်အနိုင်ရရှိခဲ့သည်။

ပထမဆုံးအမျိုးသားပွဲစဉ်အဖြစ် စင်ကာပူအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကြရာ စင်ကာပူအမျိုးသားအသင်းက ၁၂ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဒုတိယပွဲစဉ်တွင် မြန်မာအမျိုးသား ဟော်ကီအသင်းသည် ပွဲဦးထွက်အနေဖြင့် ထိုင်းအမျိုးသားဟော်ကီအသင်းနှင့် တွေ့ဆုံခဲ့သည်။ မြန်မာအမျိုးသား ဟော်ကီအသင်းနှင့် ထိုင်းအမျိုးသားဟော်ကီအသင်း ယှဉ်ပြိုင်ရာတွင် ထိုင်းဟော်ကီအသင်းက သုံးဂိုး၊ မြန်မာဟော်ကီအသင်းက နှစ်ဂိုးဖြင့် ထိုင်းအသင်းက တစ်ဂိုးအသာဖြင့် အနိုင်ရခဲ့သည်။

အမျိုးသမီးဟော်ကီပွဲစဉ်များကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ စင်ကာပူအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကြပြီး စင်ကာပူအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဒီဇင်ဘာ ၁၃ ရက်၏ နောက်ဆုံးပွဲစဉ်အဖြစ် မြန်မာအမျိုးသမီး ဟော်ကီအသင်းနှင့် မလေးရှား ဟော်ကီအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် မလေးရှားအသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ဒီဇင်ဘာ ၁၄ ရက် ညနေ ၃ နာရီတွင် စင်ကာပူအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအမျိုးသား ဟော်ကီအသင်းသည် ဒီဇင်ဘာ ၁၅ ရက် ညနေ ၃ နာရီတွင် စင်ကာပူအမျိုးသားအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အမျိုးသားဟော်ကီပွဲစဉ်များတွင် အိမ်ရှင်မြန်မာအပါအဝင် မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အမျိုးသမီးဟော်ကီပွဲစဉ်များတွင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ဟော်ကီပွဲစဉ်များကို ရန်ကုန်မြို့ သိမ်ဖြူဟော်ကီကွင်း၌ ဒီဇင်ဘာ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# ကြက်တောင်ရိုက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

1899-All England Open မှအစပြုခဲ့သည့် ကြက်တောင်ရိုက် ပြိုင်ပွဲများသည် ယခုအခါ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကြက်တောင်ရိုက်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း Indoor Stadium-C ၌ ယနေ့ နံနက် ၉ နာရီတွင် စတင်ကျင်းပသည်။

အဆိုပါပွဲစဉ်များသို့ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ စင်ကာပူနိုင်ငံတို့မှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အမျိုးသား/အမျိုးသမီးစုံတွဲ၊ အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲ စသည့် စုစုပေါင်းကြက်တောင်ရိုက်အားကစားနည်း ငါးမျိုးအတွက် ရွှေတံဆိပ် ငါးဆုချီးမြှင့်မည်ဖြစ်သည်။

အမျိုးသား/အမျိုးသမီးစုံတွဲ ပွဲစဉ်များတွင် အင်ဒိုနီးရှားအသင်းက ထိုင်းအသင်းကို ၂၁-၁၁၊ ၁၈-၂၁၊ ၂၁-၁၉ မှတ်ဖြင့် လည်းကောင်း၊ ထိုင်းအသင်းက မလေးရှားအသင်းကို ၂၁-၁၅၊ ၂၁-၁၇ မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသည်။

အမျိုးသမီးတစ်ဦးချင်း ပွဲစဉ်များတွင် အင်ဒိုနီးရှားအသင်းက ထိုင်းအသင်းကို ၂၁-၁၇၊ ၂၀-၂၂၊ ၂၂-၂၀ မှတ်၊ ထိုင်းအသင်းက ဗီယက်နမ်အသင်းကို ၂၁-၇၊ ၂၁-၈ မှတ်ဖြင့် အနိုင်ရရှိပြီး အမျိုးသားတစ်ဦးချင်း ပွဲစဉ်များတွင် အင်ဒိုနီးရှားအသင်းက ဗီယက်နမ်အသင်းကို ၁၃-၂၁၊ ၂၁-၁၂၊ ၂၂-၂၀မှတ်၊ ထိုင်းအသင်းက အင်ဒိုနီးရှား အသင်းကို ၁၇-၂၁၊ ၂၁-၁၁၊ ၂၁-၁၂ မှတ်ဖြင့် အနိုင်ရရှိသည်။

အမျိုးသမီးနှစ်ယောက်တွဲ ပွဲစဉ်များတွင် အင်ဒိုနီးရှားအသင်းက ထိုင်းအသင်းကို ၂၁-၇၊ ၂၁-၁၁ မှတ်၊ မလေးရှားအသင်းက စင်ကာပူအသင်းကို ၂၃-၂၁၊ ၁၇-၂၁၊ ၂၁-၁၇မှတ်ဖြင့် အနိုင်ရပြီး အမျိုးသားနှစ်ယောက်တွဲ ပွဲစဉ်များတွင် အင်ဒိုနီးရှားအသင်းက မလေးရှားအသင်းကို ပထမပွဲစဉ်တွင် ၂၁-၁၆၊ ၂၁-၁၅မှတ်၊ ဒုတိယပွဲစဉ်တွင် ၂၁-၁၇၊ ၂၁-၁၈မှတ်များဖြင့် အသီးသီးအနိုင်ရရှိကြပြီး ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် ဆက်လက်ကျင်းပမည့် နောက်ဆုံးဗိုလ်လုပွဲစဉ်များသို့ တက်ရောက်သွားကြပြီဖြစ်သည်။ **(သတင်းစဉ်)**

# နိုင်ငံ၏သမိုင်းမှတ်တိုင်များ

ခင်မောင်ငွေး (ပညာရေး)

မြန်မာနိုင်ငံတွင်ကျင်းပနေသည့် (၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲကြီးကို ခမ်းနားထည်ဝါစွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ ဤသည်မှာလည်းနိုင်ငံ၏သမိုင်းမှတ်တိုင်တစ်ခုပင်ဖြစ်သည်။

စင်စစ်မြန်မာနိုင်ငံသည် ယခုမှဆီးဂိမ်းပြိုင်ပွဲကြီးကိုကျင်းပနိုင်ခဲ့သည်တော့မဟုတ်၊ ယခင်ကတည်းက ကျင်းပလာခဲ့ရာ ယခုအကြိမ်သည် တတိယအကြိမ်ပင်ဖြစ်သည်။ ရွှေတံဆိပ်ဆုများဆွတ်ခူးကာ အောင်ပွဲဆင်ခဲ့သည့်သမိုင်းမှတ်တိုင်များကို မမေ့နိုင်ကြသေးပါ။ အထူးသဖြင့် အတိတ်ကမြန်မာတို့၏ ရွှေရောင်အိပ်မက်များကို လက်တွေ့ဖော်ဆောင်နိုင် ခဲ့သည့် ရွှေတံဆိပ်ဆုရှင်အားကစားသမားကြီးများ၏ မီးရှူးတိုင်လက်ဆင့်ကမ်း သယ်ဆောင်ပြနိုင်ခဲ့ခြင်း၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားဟောင်းများအား ဂုဏ်ပြုပွဲများက ပြည်သူတစ်ရပ်လုံးအား ထင်လင်းစွာမြင်နိုင်ခဲ့သည်သာမက လက်ရှိအားကစားသမားများအားလည်း ခွန်အားတစ်ရပ်ကိုဖြစ်စေခဲ့သည်။

ယခုနှစ် ဆီးဂိမ်းပွဲတော်ကြီးကျင်းပရာတွင် Green, Clean & Friendship ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စိမ်းလန်းသန့်ရှင်းခင်မင်ရင်းနှီးချစ်ခင်စွာဖြင့် ကျင်းပနေသည်မှာ မျက်မြင်ကိုယ်တွေ့ပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ကျင်းပနေသည့် အားကစားအမျိုးအစား ၃၃ မျိုးနှင့်အတူ နိုင်ငံတကာမှ အဆင့်မြင့်ကျွမ်းကျင်ဒိုင်လူကြီးများ၊ နိုင်ငံတကာနည်းစနစ်များနှင့်အညီ ကျင်းပပေးနိုင်ခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။

အထူးသဖြင့်စစ်မှန်သည့် အားကစားစိတ်ဓာတ်၊ မျှတသည့်အားပေးမှုများနှင့်အညီ နိုင်ငံသားကောင်းပီသစွာ စုစည်းညီညွတ်မှုသည်လည်း နိုင်ငံ၏ကောင်းမြတ်သောသမိုင်းမှတ်တိုင်များပင်ဖြစ်သည်။ သမိုင်းမှတ်တမ်းဟူသည် လူတို့၏ကောင်းမြတ်သည့် ပြုမူဆောင်ရွက်မှုများသာမက ဆိုးရွားသည့် အပြုအမူများလည်း ပါဝင်လေ့ရှိရာ မိမိတို့နိုင်ငံပြယုဂ်ကောင်းကိုဖော်ဆောင်မည့်သူများမှာ မိမိတို့နိုင်ငံသားများပင်ဖြစ်ကြပါသည်။

စင်စစ်အားကစားနည်းမျိုးစုံတို့အား ဝင်ရောက်ယှဉ်ပြိုင်ရာတွင် မိမိတို့နိုင်ငံအတွက် ရွှေတံဆိပ်ရရှိစေရန် စွမ်းအားပြည့်ယှဉ်ပြိုင်နေသည်ကို တွေ့ရ၏။ ယနေ့တိုင်နိုင်ငံအလိုက်ဆုတံဆိပ်ရရှိမှုအနေအထားတွင်လည်း ပထမနေရာတွင်ရှိနေသည်ကိုတွေ့ရ၏။ သို့သော်လည်း အားကစားနည်းတိုင်းတွင် အားနည်းချက်၊ အားသာချက်များရှိတတ်ပါသည်။ ပါဝင်ယှဉ်ပြိုင်သည့်ဒေသတွင်းနိုင်ငံများမှာလည်း မိမိတို့အားနည်းချက်၊ အားသာချက်များကိုကြည့်၍ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်ကို တွေ့ရသည်။

ဆိုလိုသည်မှာ နိုင်ငံအတွက်ရွှေတံဆိပ်ဆုကို အသေအချာရည်မှန်းနိုင်သည်များရှိသကဲ့သို့ အချို့သော အားကစားနည်းများတွင်လည်း လိုအပ်ချက်များ ရှိနိုင်မည်သာဖြစ်သည်။ မည်သို့ပင်ဆိုစေထွက်ရှိလာသော ရလဒ်ကိုမူ လက်ခံကြရမည်သာဖြစ်သည်။ ယင်းတို့သည်လည်း နိုင်ငံ၏သမိုင်းမှတ်တိုင်များပင်ဖြစ်သည်။

စင်စစ်မြန်မာနိုင်ငံသည် (၄၄)နှစ်ကြာမှ အိမ်ရှင်နိုင်ငံအဖြစ်တစ်ကျော့ပြန်ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော် လွန်ခဲ့သည့် ကျွန်းဆွယ်ပွဲများ၊ ၁၉၇၇ ခုနှစ် မလေးရှားနိုင်ငံ၌ကျင်းပခဲ့သည့် နဝမအကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)မှစ၍ နိုင်ငံအတွက်ထိုက်သင့်သော ရွှေတံဆိပ်များကို ယူဆောင်ပေးနိုင်ခဲ့သည်ကို တွေ့ရသည်။ နိုင်ငံတကာအတွေ့အကြုံနည်းပါးခြင်း၊ မိမိတို့နှင့်အလေ့အထမတူသည့်အားကစားဖြစ်ခြင်း၊ နည်းစနစ်ပိုင်းဆိုင်ရာ အားနည်းခြင်းများကြောင့် အချို့အားကစားနည်းများတွင် မိမိတို့ရည်မှန်းချက်အတိုင်း မပြည့်ဝခဲ့သည်ကိုလည်း တွေ့ခဲ့ရပြီးဖြစ်သည်။ ယခုနှစ် အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပချိန်တွင်မူ အချို့သော အားကစားနည်းများမှာ မိမိတို့၏ရိုးရာအားကစားနည်းမဟုတ်စေကာမူ နိုင်ငံအတွက် ရွှေတံဆိပ်ဆုများ ဆွတ်ခူးပေးနိုင်ခဲ့သည်မှာ အသိအမှတ်ပြုရမည့် မှတ်တိုင်သစ်များပင်ဖြစ်သည်။

ယခုအချိန်သည် ဆီးဂိမ်းပြိုင်ပွဲကြီးအားကျင်းပရန် သတ်မှတ်ထားသည့် ဇုန်နယ်အသီးသီးတို့တွင် အကြိတ်အနယ် ယှဉ်ပြိုင်နေကြပြီဖြစ်သည်။ အားကစားစိတ်ဓာတ်အပြည့်ဖြင့် နိုင်ငံ၏ ပြယုဂ်ကောင်းကို ဆောင်ကြဉ်းနိုင်ရန် ရေကုန်ရေခန်း ကြိုးစားနေကြသကဲ့သို့ နေပြည်တော်နှင့် ဇုန်နယ်အသီးသီးသို့ တလိမ့်လိမ့်ရောက်ရှိလာသည့် အနယ်နယ်အရပ်ရပ်မှ ပြည်သူအပေါင်းတို့ကလည်း နိုင်ငံ၏ကောင်းမြတ်သည့် အစဉ်အလာများကို ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်သည်။

နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအနေဖြင့်လည်း လက်ရှိရရှိထားသည့် အောင်မြင်မှုများအပေါ် တင်းတိမ်ရောင့်ရဲနေကြ၍ မဖြစ်သေး။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် လေ့လှော်ပွဲ၊ ဘောလုံးပွဲ ဥပမာများကဲ့သို့ တက်ထောင်ကြဖို့မလို၊ ဂိုးများများရလျှင် လျှော့ကန်ချင်သည့် စိတ်ဓာတ်မျိုးကိုရှောင်ပြီး ပြိုင်ပွဲပြီးဆုံးသည်အထိ အားကစားစိတ်ဓာတ် (Sporting Spirit) အပြည့်ဖြင့် ယှဉ်ပြိုင်ကြရမည်သာဖြစ်သည်။

ထို့ကြောင့် ယခုအခါ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပလျက်ရှိ၏။ ဖွင့်ပွဲအခမ်းအနားကြီးကိုလည်း ထည်ထည်ဝါဝါ ခံ့ခံ့ညားညား ဖွင့်လှစ်နိုင်သည့်ပုံရိပ်ကား ကမ္ဘာတစ်ခွင် ပျံ့လွင့်ခဲ့လေပြီ။ထို့အတူ နိုင်ငံ့ဂုဏ်ဆောင်မည့်အားကစားမောင်မယ်များကလည်း နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ မိမိတို့၏ယဉ်ကျေးမှု ထုံးစံအစဉ်အလာများကို နှီးနှောဖလှယ်ရင်းနိုင်ငံ့ဂုဏ်ကို ဆောင်ကြရမည်ဖြစ်သည်။ စင်စစ်ထွက်ရှိလာသည့် ရလဒ်များမှာ နိုင်ငံ၏စစ်မှန်သော ပြယုဂ်များအဖြစ် သမိုင်းအစဉ်တွင် ကျန်ရစ်နေမည်သာ ဖြစ်ပါတော့သည်။ ။

# လမ်းသားပေါ်တွင် ချထားသောပစ္စည်းများအား အမှိုက်အဖြစ် သိမ်းဆည်းမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်အတွင်း သိမ်ကြီးဈေးဘီရုံ၊ စီရုံတို့၏ မဟာဗန္ဓုလလမ်းမျက်နှာစာ သံဆန်ခါတန်းများတွင် လမ်းသားပေါ်ချထားသော မည်သည့်ပစ္စည်းမဆို အမှိုက်အဖြစ် သိမ်းဆည်းမည်ဆိုသော စာတန်းပါ ဗီနိုင်းအနီများကို ဒီဇင်ဘာ ၁၂ ရက်တွင် တွေ့မြင်ခဲ့ရသည်ဟု အဆိုပါ ဈေးရုံများသို့ ဈေးဝယ်သွားသူများက ဆိုသည်။

လမ်းသားများပေါ်တွင် ပစ္စည်းများစုပုံထားခြင်းကို ယင်းဗီနိုင်းစာတန်းအနီး မြင်တွေ့နေရဆဲဖြစ်ကြောင်း၊ ရန်ကုန်မြို့လယ်အပါအဝင် နေရာအများအပြားတွင် လမ်းသားများပေါ်တွင် ဈေးဆိုင်တည်ခင်းရောင်းချခြင်း၊ ကုန်ပစ္စည်းများစုပုံခြင်း၊ စက်တပ်ယာဉ်များ အချိန်ကြာမြင့်စွာ စည်းကမ်းမဲ့ရပ်နားခြင်းများ ယနေ့တိုင်ရှိနေဆဲဖြစ်၍ ယခုကဲ့သို့ စာတန်းအနီများ ချိတ်ဆွဲမြင်တွေ့ရခြင်း ဖြစ်ကြောင်း၊ သို့သော် ကြေညာချက်စာတမ်းထုတ်ပြန်သည့် ဌာနအဖွဲ့အစည်းဖော်ပြထားခြင်းမရှိကြောင်း၊ လမ်းခင်းခြင်းကားရပ်နားရန် နေရာပြုလုပ်ခြင်း၊ ရေပိုက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများသို့ ခေါင်းစဉ်တပ်မေတ္တာရပ်ခံချက် ဗီနိုင်းအနီများ ထောင်ထားရာတွင် သက်ဆိုင်ရာဌာနအမည် ဖော်ပြလေ့ရှိကြောင်း ကသာမြို့နယ်တွင် နေထိုင်သူတစ်ဦးက ဆိုသည်။

ယခု အမှိုက်အဖြစ် လမ်းသားပေါ်ချထားသော မည်သည့်ပစ္စည်းမဆို သိမ်းဆည်းမည်ဆိုသော ဗီနိုင်းစာတန်းများ ပန်းဘဲတန်းမြို့နယ်တွင်သာ မြင်တွေ့ရပြီး လသာမြို့နယ်၊ လမ်းမတော်မြို့နယ်တို့ကဲ့သို့ လမ်းသားပေါ် ကျူးကျော်မှုများသော နေရာများတွင် မမြင်တွေ့ရသေးကြောင်း လသာမြို့နယ်တွင် နေထိုင်သူတစ်ဦးကဆိုသည်။

လမ်းသားပေါ်တွင် ချထားသော ပစ္စည်းတစ်မျိုးဖြစ်သည့် အချိန်ကြာမြင့်စွာ ရပ်ထားသော စက်တပ်ယာဉ်မျိုးစုံကို သက်ဆိုင်ရာမှ အမှိုက်အဖြစ် သိမ်းဆည်းမှုမရှိဘဲ ကရိန်းကားဖြင့် ဆွဲယူဒဏ်ငွေရိုက် အရေးယူနေကြောင်း၊ စက်တပ်ယာဉ်မှ လွဲ၍ ကျန်မည်သည့် ပစ္စည်းမျိုးကိုမဆို အမှိုက်အဖြစ် သိမ်းဆည်းမည်ဖြစ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူဝန်ထမ်းများသာ ယင်းကြေညာစာတန်းအနီးဝန်းကျင်တွင်ရှိနေကြရာ စာတန်းပါ ကြေညာချက်များသည် အဓိပ္ပာယ်ရှိသော စာသားများဖြစ်ရန် လိုအပ်နေသည်ဟု ကျောက်တံတားမြို့နယ်တွင် အလုပ်လုပ်ကိုင်သူ ဝန်ထမ်းတစ်ဦးက ဆိုသည်။

ရန်ကုန်မြို့တွင်း အမှိုက်မပစ်ရ၊ ကားလမ်းမနှင့် လူသွားစင်္ကြံများပေါ်တွင် မီးအသုံးမပြုရ၊ ဟွန်းမတီးရ စသည်ဖြင့် တားမြစ်စာတန်းမျိုးစုံကို ပြည်သူအများ နေ့စဉ်မြင်တွေ့နေရသော်လည်း လူအများလိုက်နာမှုရှိလာရန် အရေးယူမှုများပြုလုပ်စေလိုကြောင်း၊ ဆူးလေနှင့် အနော်ရထာကားလမ်းထောင့်တွင် ဆူးလေဘုရားလမ်းပေါ် လမ်းဖြတ်ကူးရန် အရံအတားများ ပြုလုပ်ထားသော်လည်း နေ့အချိန်မှာပင် လူအများကူးသန်းသွားလာလျက်ရှိပြီး ခုံးကျော်တံတားပေါ်မှ ဖြတ်သန်းမှုနည်းလာကြောင်း၊ သို့ဖြစ်ရာ ရန်ကုန်မြို့တွင် စတင်ချိတ်ဆွဲသည့် တားမြစ်စာတန်းများပါ အကြောင်းအရာများ အသက်ဝင်ပြီး ပြည်သူအများလိုက်နာမှု အထူး လိုအပ်နေပြီဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**(မောင်စေအောင်)**









## မြို့တော်တစ်ခွင် သန့်ရှင်းရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

**ကချင်ပြည်နယ်အစိုးရအဖွဲ့**
**မြစ်ကြီးနားမြို့**
**တင်ဒါခေါ်ယူခြင်း**

၁။ ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးအား ဆေးသုတ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် (မြန်မာ)ကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများကို ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး၊ မြစ်ကြီးနားမြို့တွင် ၁၆-၁၂-၂၀၁၃ ရက်မှ ၃၀-၁၂-၂၀၁၃ ရက်အထိ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ကချင်ပြည်နယ် အစိုးရအဖွဲ့
မြစ်ကြီးနားမြို့

## *M.E.H.S*/အထက(၁)ဒဂုံ (၁၉၅၄မှ၁၉၈၀)၏ အာစရိယပူဇော်ပွဲ

*M.E.H.S*/အထက(၁)ဒဂုံ (၁၉၅၄ မှ ၁၉၈၀)ခုနှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲသို့ မပျက်မကွက် ကြွရောက်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ - ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် (စနေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၀၀ နာရီ
ကျင်းပမည့်နေရာ - အထက(၁)ဒဂုံ၊ ဒဂုံသီရိခန်းမ

*Albert* ဖုန်း-၀၉ ၅၀၀၈၇၅၀၊ *Henry* ဖုန်း-၀၉ ၅၀၀၉၀၉၃၊ *Selwyn* ဖုန်း-၀၁-၃၉၃၀၅၁၊ *Htoo Aung Gyi* ဖုန်း-၀၉ ၄၃၀၃၂၂၀၄၊ *Myat Soe Win* ဖုန်း-၀၉-၅၁၂၆၇၇၅၊ *Ruby* ဖုန်း-၀၉-၅၀၉၄၆၆၅၊ *Wai Mar Win* ဖုန်း-၀၉ ၇၃၂၀၁၂၆၇၊ *San San* ဖုန်း-၀၉ ၅၀၁၇၁၉၆၊ *Thiri Mar* ဖုန်း-၀၉ ၅၀၂၁၂၄၁၊ *Aye Aye* ဖုန်း-၀၉ ၅၀၆၃၈၄၀ တို့သို့ ဆက်သွယ်နိုင်ပါသည်။

# ယာဉ်မရပ်ရနယ်မြေသတ်မှတ်ခြင်းအား တိကျစွာလိုက်နာ

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
**ကြေညာချက်**
**၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်**
**(၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)**

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့တော်အား မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်စေရန် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရန်ကုန်မြို့တော်အတွင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကိုလည်း ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

၂။ တည်ဆဲရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥပဒေတွင် မည်သူမျှကော်မတီကသတ်မှတ်ထားသည့် ယာဉ်ရပ်ရန်နေရာမှအပ အခြားမည်သည့်နေရာတွင်မျှ ယာဉ်ရပ်နားခြင်း မပြုရဟုလည်းကောင်း၊ အများပြည်သူဆိုင်ရာ လမ်းနယ်နိမိတ်ပေါ်တွင် ယာဉ်များအကြောင်းမဲ့ကြာမြင့်စွာရပ်တန့်ခြင်း၊ ပြုပြင်ခြင်း၊ ထားရှိခြင်းမပြုရဟုလည်းကောင်း ပြဋ္ဌာန်းထားပြီးဖြစ်သည်။ ရန်ကုန်မြို့အတွင်းရှိ အဓိကလမ်းမကြီး(၃၇)လမ်းအား ယာဉ်မရပ်နားရလမ်းများအဖြစ် (၈-၁၀-၂၀၁၃) ရက်နေ့တွင် ပထမအကြိမ်ကြေညာချက်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ပါ၍ ရန်ကုန်မြို့တော်ကို မြို့တော်အင်္ဂါရပ်နှင့်အညီဖြစ်စေရန်လည်းကောင်း၊ မြို့တော်အတွင်းယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများထိန်းသိမ်းရာတွင် အထောက်အကူဖြစ်စေရန်လည်းကောင်း၊ ယာဉ်ကြောပိတ်ဆို့မှုလျော့နည်းကာ အများပြည်သူသွားလာရေးအဆင်ပြေစေရန်လည်းကောင်း ၊လတ်တလောအခြေအနေတွင် အောက်ပါယာဉ်လမ်းကြောင်းများ၌ ခရီးသည်အတင်အချပြုရန်မှတစ်ပါး မည်သည့်ယာဉ်မျှရပ်နားခြင်းမပြုရန် ယာဉ်မရပ်ရနယ်မြေအဖြစ် ထပ်မံတိုးချဲ့သတ်မှတ်လိုက်သည်-

**(က) တောင်-မြောက်လမ်းများ**

(၁) အရှေ့ရွှေဂုံတိုင်လမ်းနှင့် ဗညားဒလလမ်းဆုံ(တာမွေ ၅ ခွဆုံ) မှ ဗညားဒလလမ်းအတိုင်း သိမ်ဖြူလမ်းနှင့် ဒေါ်သိန်းတင်လမ်းဆုံ(သိမ်ဖြူ ၅ ခွဆုံ)ထိ

(၂) အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် ကျိုက္ကဆံလမ်းမှ ကျိုက္ကဆံလမ်းအတိုင်း နတ်မောက်လမ်းနှင့် ကျိုက္ကဆံလမ်းဆုံအထိ

(၃) ကန်ရိပ်သာလမ်းနှင့် စက်ရုံလမ်းဆုံမှ စက်ရုံလမ်းအတိုင်း၊ အထက်ပုဇွန်တောင်လမ်းနှင့် စက်ရုံလမ်း(၁၅) ပေတံတားအထိ

(၄) ကမ္ဘာအေးစေတီလမ်းနှင့် စက်မှု(၁)လမ်းဆုံမှ စက်မှု(၁)လမ်းအတိုင်း၊ စက်မှု(၁)လမ်းနှင့် ဦးချစ်မောင်လမ်းဆုံ၊ ၎င်းမှ ဦးချစ်မောင်လမ်းအတိုင်း အနောက်မြင်းပြိုင်ကွင်းလမ်းဆုံ၊ ၎င်းမှ အနောက်မြင်းပြိုင်ကွင်းလမ်းအတိုင်း ဗညားဒလလမ်းနှင့် အနောက်မြင်းပြိုင်ကွင်းလမ်းဆုံ (တာမွေ ၅ ခွဆုံ)အထိ

(၅) ဦးထောင်ဘိုလမ်းနှင့် ရွှေတိဂုံဘုရားလမ်းဆုံမှ ရွှေတိဂုံဘုရားလမ်းအတိုင်း ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ၎င်းမှ ရွှေတိဂုံဘုရားလမ်းအတိုင်း ကမ်းနားလမ်းအထိ

(၆) ဟံသာဝတီလမ်းနှင့် အထက်ကြည့်မြင်တိုင်လမ်းဆုံမှ အထက်ကြည့်မြင်တိုင်လမ်းအတိုင်း ဗားကရာအထိ၊ ၎င်းမှ အောက်ကြည့်မြင်တိုင်လမ်းအတိုင်း ဗဟိုလမ်းအထိ

(၇) ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် လမ်းမတော်လမ်းဆုံမှ လမ်းမတော်လမ်းအတိုင်း ကမ်းနားလမ်းနှင့် လမ်းမတော်လမ်းဆုံအထိ

(၈) အနော်ရထာလမ်းနှင့် လသာလမ်းဆုံမှ လသာလမ်းအတိုင်း လသာလမ်းနှင့် ကမ်းနားလမ်းဆုံအထိ

(၉) ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗန္ဓုလပန်းခြံလမ်းမှ ဗန္ဓုလပန်းခြံလမ်းအတိုင်း ကမ်းနားလမ်းနှင့် ဗန္ဓုလပန်းခြံလမ်းဆုံအထိ

(၁၀) ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းဆုံမှ ဗိုလ်အောင်ကျော်လမ်းအတိုင်း ကမ်းနားလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းဆုံအထိ

(၁၁) ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းဆုံမှ ဗိုလ်မြတ်ထွန်းလမ်းအတိုင်း ကုန်သည်လမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းဆုံအထိ

(၁၂) အထက်ပုဇွန်တောင်လမ်းနှင့် ရေကျော်လမ်းဆုံမှ ရေကျော်လမ်းအတိုင်း ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရေကျော်လမ်းဆုံအထိ

(၁၃) ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းဆုံမှ ဗိုလ်တထောင်ဘုရားလမ်းအတိုင်း ကမ်းနားလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းဆုံအထိ

(၁၄) မဟာဗန္ဓုလလမ်းနှင့် ဗိုလ်တထောင်ဈေးလမ်းဆုံမှ ဗိုလ်တထောင်ဈေးလမ်းအတိုင်း ကမ်းနားလမ်းနှင့် ဗိုလ်တထောင်ဈေးလမ်းဆုံအထိ

(၁၅) ခရေပင်လမ်းနှင့် အောက်မင်္ဂလာဒုံလမ်းဆုံ (ဒညင်းကုန်း)မှ အောက်မင်္ဂလာဒုံလမ်းအတိုင်း ဘုရင့်နောင်လမ်းနှင့် အောက်မင်္ဂလာဒုံလမ်းဆုံအထိ

**(ခ) အရှေ့/အနောက်လမ်း**

(၁) ဗဟိုလမ်းနှင့် မင်းရဲကျော်စွာလမ်းဆုံမှ မင်းရဲကျော်စွာလမ်းအတိုင်း မင်းရဲကျော်စွာလမ်းနှင့် မြို့မကျောင်းလမ်းအထိ

(၂) ဗညားဒလလမ်းနှင့် သမိန်ဗရမ်းလမ်းဆုံ (တာမွေ ၅ ခွဆုံ)မှ သမိန်ဗရမ်းလမ်းအတိုင်း သမိန်ဗရမ်းလမ်းနှင့် သံသုမာလမ်းဆုံ (ကြက်ဘဲဈေး)အထိ

(၃) ကမ္ဘာအေးစေတီလမ်းနှင့် ဆရာစံလမ်းဆုံ (ပုလဲကွန်ဒို)မှ ဆရာစံလမ်းအတိုင်း ဦးချစ်မောင်လမ်းဆုံ၊ ၎င်းမှ ဆရာစံလမ်းအတိုင်း မြောက်မြင်းပြိုင်ကွင်းလမ်းဆုံအထိ

(၄) ကမ္ဘာအေးစေတီလမ်းနှင့် ကံဘဲ့လမ်းဆုံမှ ကံဘဲ့လမ်းအတိုင်း ဝေဇယန္တာလမ်းနှင့် ကံဘဲ့လမ်းဆုံအထိ

(၅) အရှေ့ရွှေဂုံတိုင်လမ်းဆုံနှင့် သမိန်ဗရမ်းလမ်းဆုံမှ အရှေ့ရွှေဂုံတိုင်လမ်းအတိုင်း ကမ္ဘာအေးစေတီလမ်းဆုံ၊ ၎င်းမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း ဦးဝိစာရလမ်းဆုံနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံအထိ

၄။ အထက်ဖော်ပြပါ ယာဉ်မရပ်ရ နယ်မြေအတွင်း ယာဉ်ရပ်နားခြင်းပြုပါက ရပ်နားသည့်ယာဉ်ကို ဆွဲယာဉ်ဖြင့် သတ်မှတ်ထားသော ယာဉ်ရပ်နားစခန်းသို့ သယ်ယူသွားမည်ဖြစ်သည်။ ယာဉ်ပိုင်ရှင်အနေဖြင့် သတ်မှတ်ထားသောဆွဲယာဉ်ခကိုပေးဆောင်ရမည့်အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေအရလည်း အရေးယူခြင်းခံရမည်။

၅။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ပလက်ဖောင်းများနှင့် ကားလမ်းအကြားတိုးချဲ့၍ ဆောင်ရွက်ထားသော ယာဉ်ရပ်နားရန်ပြုလုပ်ထားသည့် နေရာများတွင် ယာဉ်ရပ်နားခရယူ၍ ယာယီခွင့်ပြုပေးမည်ဖြစ်ပြီး သင့်တော်သောကာလတွင် ယာယီရပ်နားခွင့်ကို ပိတ်သိမ်းမည်ဖြစ်ပါသည်။ ထို့အပြင် ကျန်ရှိသော လမ်းများကိုလည်း ယာဉ်ရပ်နားခြင်းအား တစ်ဆင့်ပြီးတစ်ဆင့် ပိတ်ပင်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ ရန်ကုန်မြို့တော်အား မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်စေရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးတို့အတွက် ယာဉ်ပိုင်ရှင်များ၊ယာဉ်မောင်းများအနေဖြင့် အထက်ဖော်ပြပါ ယာဉ်မရပ်ရနယ်မြေ သတ်မှတ်ခြင်းအား တိကျစွာ လိုက်နာကြရန်နှင့် မရပ်ရနယ်မြေများတွင် ယာဉ်များရပ်နားမှုမရှိစေရေး ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် အသိပေးကြေညာပါသည်။

**တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး**

## ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စည်းဝေး

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကို တိုင်းဒေသကြီးလွှတ်တော်၌ ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၁၁ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းနှင့် အဆိုတင်သွင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၄-၁၂-၂၀၁၃ (စနေနေ့)

၅း၄၀ "အပေးအယူ"တရားတော် (ဆရာတော်ဓမ္မဒူတအရှင်ပညာဝရ)
၅း၃၅ Fashion Week [Designer မျိုးမင်းစိုး ရွှေသုန္ဒရီ (ပိုးထည်)](အပိုင်း-၂)
၆း၂၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း-၄၀)
၉း၀၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသော နှလုံးသား" (အပိုင်း- ၂၃)
၉း၅၀ **Let's Talk**
၁၀း၃၀ **The Poetic Heart**
၁၀း၅၅ **MRTV-4 Stage**
၁၁း၂၀ **World of Knowladge (Naked Science:rand Canyon)**
၁၂း၁၀ "အပေးအယူ"တရားတော် (ဆရာတော်ဓမ္မဒူတအရှင်ပညာဝရ)
၁း၁၀ မုံရွာမြို့ရဲ့ အထင်ကရနေရာကိုးခု
၄း၄၅ လက်ကမ်းသင့်လှ ပရဟိတ

## ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
## လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်း များကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

| | | | |
|---|---|---|---|
| (က) | SOC-8000 | အိတ်ချိန်းကတ်များ | (၂၃)ကတ် |
| (ခ) | JSY-2000 | အိတ်ချိန်းကတ်များ | (၈)ကတ် |
| (ဂ) | KY-1000XM | အိတ်ချိန်းကတ်များ | (၁၅၆)ကတ် |
| (ဃ) | TWD 06/09 | အိတ်ချိန်းကတ်များ | (၁၂)ကတ် |
| (င) | KX-TDA 600 | အိတ်ချိန်းကတ်များ | (၂၄)ကတ် |

၂။ တင်ဒါပုံစံများအား လုပ်ငန်းနှင့်စစ်ဆေးရေးဌာန၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၊ ရုံးအမှတ်(၂)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၀-၁၂-၂၀၁၃ ရက် ၁၃း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ် အချက်အလက် များကို အောက်ဖော်ပြပါလိပ်စာတွင် စုံစမ်းနိုင် ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (လုပ်ငန်းနှင့် စစ်ဆေးရေးဌာန)**
**ရုံးအမှတ်(၂)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၁၈၈၊ ၀၆၇-၄၀၇၃၅၆**







## ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၃၃)၏ (၄၈)နှစ်မြောက် တွေ့ဆုံပွဲဖိတ်ကြားလွှာ

၁၈-၁၂-၂၀၁၃ ရက် နံနက် ၈း၃၀နာရီမှ ၁၂နာရီအထိ မြောက်ဥက္ကလာပမြို့နယ်၊ မယ်လမုဘုရားဝင်းအတွင်း၊ ဆန္ဒာဓိပတိတန်ဆောင်းတွင် ဒါနပြုရန်အတွက် (OTS33) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၃၃)မှ အရာရှိများနှင့် ဇနီးများကိုလည်းကောင်း၊ (၃၃)မှ ကွယ်လွန်သူတို့၏ဇနီးများကိုလည်းကောင်း ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ နံနက်စာ မြန်မာထမင်းဟင်းဖြင့် ဧည့်ခံပါမည်။ အဝေးရောက် (၃၃)ရဲဘော်များ မတက်ရောက်နိုင်ပါက နေရပ်လိပ်စာ၊ ဖုန်းနံပါတ်များအား အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ (ကံစမ်းမဲအတွက် အမှတ်တရပစ္စည်းတစ်ခုစီ ယူခဲ့ကြပါရန်)

ဆက်သွယ်ရန်ဖုန်းနံပါတ်များ-၀၉ ၄၃၂၀၀၉၉၆၊ ၀၉ ၈၆၂၀၆၇၂၊ ၀၁ ၃၇၉၂၆၁၊ ၀၁ ၅၄၂၈၆၃








# ပြည်တွင်းရေကြောင်းနှင့် ပြည်တွင်းကမ်းရိုးတန်းသွားရေယာဉ်များအား စက်သုံးဆီတိုက်ရိုက်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ပြည်တွင်းရေကြောင်းနှင့် ကမ်းရိုးတန်းသွားရေယာဉ်များအား စက်သုံးဆီတိုက်ရိုက် ဖြန့်ဖြူးရောင်းချခွင့်ပြုရန် စွမ်းအင်ဝန်ကြီးဌာနသို့ အဆိုပြုလျှောက်ထားလာသည့် ကုမ္ပဏီ(၁၇)ခု၏ ရေယာဉ် ၆၇ စီးအနက် ကုမ္ပဏီလေးခု၏ ရေယာဉ်ကိုးစီးကို စက်သုံးဆီတိုက်ရိုက် ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ထုတ်ပေးခဲ့ပြီး ကုမ္ပဏီ ၁၃ ခု၏ ရေယာဉ် ၅၈ စင်းမှာ လိုင်စင်ထုတ်ပေးရန် စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

နိုင်ငံတစ်ဝန်းလုံးတွင် မည်သည့်လုပ်ငန်းရှင်မဆို ပြည်တွင်းရေကြောင်းနှင့် ပြည်တွင်းကမ်းရိုးတန်းတို့တွင် ရေယာဉ်များအား စက်သုံးဆီတိုက်ရိုက်ဖြန့်ဖြူးရောင်းချလိုပါက ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ရေကြောင်းညွှန်ကြားမှုဦးစီးဌာနတို့မှ သတ်မှတ်ခွင့်ပြုထုတ်ပေးသည့် ရေယာဉ်၏ မှတ်ပုံတင်လက်မှတ်၊ ရေယာဉ်အတွက်ရေနံတင်ဆောင်ရန် သင့်လျော်ကြောင်း သက်သေခံလက်မှတ် (Certificate of Fitness for the carriage of petroleum in bulk)၊ ပြည်တွင်းရေကြောင်းသွား ရေယာဉ်များနှင့် ကမ်းရိုးတန်းအနီးသွား ရေယာဉ်များအတွက် စစ်ဆေးပြီးကြောင်း သက်သေခံလက်မှတ် (ရေနံတင်ရေယာဉ် အမျိုးအစားဖြစ်ရမည်) (Certificate of Survey/Safety Equipment Certificate and Loadlines Certificate) (For Oil Tanker) လုပ်ငန်းလိုင်စင်၊ စက်မဲ့ဆီတွဲအတွက် ရေနံတင်ဆောင်ရန် သင့်လျော်ကြောင်းသက်သေခံလက်မှတ် (Certificate of Fitness for the carriage of Petroleum in bulk) တို့အပြင် သယ်ယူဖြန့်ဖြူးရောင်းချလိုသည့် ဒေသ၊ ဖြန့်ဖြူးရောင်းချမည့် စက်သုံးဆီရရှိနိုင်သည့် ကုမ္ပဏီအဖွဲ့အစည်း၏ ထောက်ခံချက်စာချုပ်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် စွမ်းအင်ဝန်ကြီးဌာနသို့ အဆိုပြုလျှောက်ထားနိုင်ကြောင်း ၂၃-၁-၂၀၁၃ ရက် နှင့် ၂၄-၁-၂၀၁၃ ရက် ပြည်တွင်းထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပြီးဖြစ်သည်။

အဆိုပြုလျှောက်ထားလာသည့် ရေယာဉ်များအား စွမ်းအင်ဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ သတ်မှတ်ပြဋ္ဌာန်းထားသော သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ အကောက်ခွန်ဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ သတ္တုတွင်းဦးစီးဌာနတို့မှ အရာထမ်းကိုယ်စားလှယ်များပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးစေပြီး ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအရ သတ်မှတ်ချက်နှင့် ပြည့်စုံကိုက်ညီပါက အဆိုပါ ရေယာဉ်ကို ပြည်တွင်းရေကြောင်းနှင့် ပြည်တွင်းကမ်းရိုးတန်းတို့တွင် စက်သုံးဆီတိုက်ရိုက်ဖြန့်ဖြူးရောင်းချရန်အတွက် သက်တမ်းတစ်နှစ်တိတိရှိသည့် လိုင်စင်များကို ခွင့်ပြုထုတ်ပေးပြီး နှစ်စဉ်သက်တမ်းတိုးမြှင့်ရမည်ဖြစ်သည်။သယ်ယူဖြန့်ဖြူးရောင်းချရမည့်ဒေသကို လျှောက်ထားသည့်အတိုင်း ခွင့်ပြုထုတ်ပေးလျက်ရှိရာမှ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့မှ သတ်မှတ်ခွင့်ပြုသည့် ဆိပ်ကမ်းနှင့်ဒေသများ၌သာ သယ်ယူဖြန့်ဖြူးရောင်းချခွင့်ပြုရန် ပြန်လည်သုံးသပ်ဆောင်ရွက်လျက်ရှိသည်။

လိုင်စင်ရယူ၍ လုပ်ငန်းဆောင်ရွက်သူများသည် နိုင်ငံတော်မှ ပြဋ္ဌာန်းထုတ်ပြန်ထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာရန်၊ ပတ်ဝန်းကျင်လေထု၊ မြေထု၊ ရေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရန်အတွက် ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းသိမ်းကာကွယ်ရေး အစီအမံများကို စနစ်တကျဆောင်ရွက်ထားရန်၊ Fire Fighting System များ၊ Life Saving Equipment များ၊ Navigation Equipment များ ပြည့်စုံစွာစီမံခြင်း၊ တပ်ဆင်ခြင်းများပြုလုပ်ထားရန်၊ စက်သုံးဆီ အရည်အသွေးနှင့် အချင်အတွယ်မှန်ကန်မှုရှိရန်၊ ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဆီတင်သင်္ဘောများအနေနှင့် MARPOL 73/78 ANNEX(1) OIL POLLUTION မဖြစ်ပေါ်စေရေးအတွက် လိုက်နာရန်သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးသတ်မှတ်ခွင့်ပြုထားသည့် ဆီတင်ရေယာဉ်များ၊ ဆီသယ်အိုဘီတွဲများဖြင့်သာ သယ်ယူပို့ဆောင်ရန် သတ်မှတ်ညွှန်ကြားထားသည်။

ပုဂ္ဂလိက၏ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ငန်းခွင့်ပြုလုပ်ကိုင်ခဲ့စဉ်ကပင် ပြည်ပမှတင်သွင်းလာသည့် စက်သုံးဆီများကို တရားဝင်ကျသင့်သောအခွန်အခများပေးဆောင်စေပြီး ဈေးကွက်စီးပွားရေးနှင့်အညီ ထိုက်သင့်သောအမြတ်အစွန်းကိုရယူကာ ဈေးနှုန်းအရှင်ဖြင့် လွတ်လပ်စွာဖြန့်ဖြူးရောင်းချခွင့်ပြုထားကြောင်းသိရသည်။ **(သတင်းစဉ်)**



လက်မှတ်ကုန်သွားသော်လည်း တန်းစီစောင့်ဆိုင်းနေသူများ။

## မြန်မာနှင့် ထိုင်းဘောလုံးပွဲလက်မှတ် ဝယ်ယူသူများပြား

**ရန်ကုန် ဒီဇင်ဘာ ၁၃**

မြန်မာအမျိုးသားဘောလုံးအသင်းနှင့် ထိုင်းအမျိုးသားဘောလုံးအသင်းတို့ ဒီဇင်ဘာ ၁၄ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်မည်ဖြစ်ရာ ယင်းပွဲစဉ်အတွက် ကြည့်ရှုခွင့်လက်မှတ်များကို ဒီဇင်ဘာ ၁၃ မှစတင်၍ ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများပြားသဖြင့် ရောင်းချချိန် တစ်နာရီအတွင်း ပထမရက်အတွက် သတ်မှတ်စောင်ရေ တစ်သောင်းခွဲမှာ ကုန်သွားသဖြင့် နံနက် ၆ နာရီကတည်းက လာရောက်တန်းစီသူများပင် လက်မှတ်မရရှိကြောင်း သိရသည်။

“လက်မှတ်စောင်ရေ တစ်သောင်းခွဲကို ရန်ကုန်မြို့ရဲ့ သုဝဏ္ဏကွင်း၊ အောင်ဆန်းကွင်း၊ စလင်းကွင်းနဲ့ ပဒုမ္မာကွင်းဆိုပြီး နေရာလေးနေရာမှာ ခွဲပြီးရောင်းပေးခဲ့တာ နာရီပိုင်းအတွင်း ကုန်သွားတယ်။ အကြာကြီးနေပူထဲမှာ တန်းစီပြီး လက်မှတ်မရလိုက်တဲ့ သူတွေရှိပါတယ်။ ကျွန်တော်တို့ကလည်း ထိုင်ခံ့ရှိတဲ့ အတိုင်းပဲ ရောင်းပေးရတာမို့ ကြည့်ချင်တဲ့သူ အရေအတွက်နဲ့ ရောင်းပေးနိုင်တဲ့ လက်မှတ်အရေအတွက် မမျှမတ ဖြစ်သွားတာပါ။ လက်မှတ်မရတဲ့ ပရိသတ်ကြီးကိုလည်း တောင်းပန်ပါတယ်”ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သုဝဏ္ဏဘောလုံးပြိုင်ကွင်းသည် ပရိသတ်ဦးရေ သုံးသောင်းသာဝင်ဆံ့ကြောင်း သိရသည်။ **(သီဟသူ)**



**ပုဇွန်တောင်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းအမှတ်(၂)ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို အဆိုပါကျောင်း၌ ကျင်းပရာ ကလေးငယ်များအပြေးစွမ်းရည်ယှဉ်ပြိုင်စဉ်။**
(ကြေးမုံ)









# မြောက်ကိုရီးယားခေါင်းဆောင်၏ဦးလေး နိုင်ငံတော်သစ္စာဖောက်မှုဖြင့် သေဒဏ်ကျခံရ

**ပြုံယမ်း ဒီဇင်ဘာ ၁၃**

မြောက်ကိုရီးယားနိုင်ငံတွင် တစ်ချိန်က ဩဇာအရှိန်အဝါကြီးမားပြီး ခေါင်းဆောင်ကင်ဂျုံအန်၏ ဦးလေးတော်စပ်သူကို နိုင်ငံတော်သစ္စာဖောက်မှုဖြင့် တရားစီရင်ပြီးနောက် ကွပ်မျက်လိုက်ပြီဖြစ်ကြောင်း သောကြာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယခုသီတင်းပတ်စောစောပိုင်း၌ ချန်ဆောင်သက်ကို ကွန်မြူနစ်ပါတီမှ ထုတ်ပယ်ခဲ့သည်။ လွန်ခဲ့သည့်နှစ်နှစ်က မစ္စတာကင်သည် ဖခင်ဖြစ်သူ၏ အရိုက်အရာကို ဆက်ခံပြီးသည့်နောက် ဤဖြစ်ရပ်သည် အကြီးမားဆုံး ရုတ်တရက်ပြောင်းလဲမှုကြီး ဖြစ်သည်။

၂၀၁၁ခုနှစ်တွင် ကင်ဂျုံအီလ်က သားဖြစ်သူကင်ဂျုံအန်ကို ခေါင်းဆောင်မှု လွှဲပြောင်းပေးသည့် အချိန်အတောအတွင်း၌ မစ္စတာချန်က တူဖြစ်သူကို အကြံဉာဏ်များပေးခဲ့သည်ဟု ယူဆကြသည်။

မစ္စတာချန်သည် ကြာသပတေးနေ့၌ စစ်ခုံရုံးတွင် စစ်ဆေးစဉ် နိုင်ငံတော်အစိုးရကို ဖြုတ်ချရန် ကြိုးစားခဲ့သည်ဟု ဝန်ခံခဲ့ကြောင်း၊ သို့အတွက် ၎င်းကို ချက်ချင်းသေဒဏ်ပေးခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာန ကေစီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နိုင်ငံတော်ကို ဆန့်ကျင်ရန်အတွက် အုပ်စုဖွဲ့ရာတွင်လည်းကောင်း၊ ၎င်း၏ နိုင်ငံရေးရည်မှန်းချက်အတွက်လည်းကောင်း ၎င်း၏ ရာထူး၊ ဌာနန္တရကို အလွဲသုံးစားပြုခဲ့သည်ဟု ၎င်းက ဝန်ခံခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ကင်ဂျုံအီလ်၏ အစ်မဖြစ်သူနှင့် လက်ထပ်ခဲ့သော မစ္စတာချန်သည် အာဏာရ ကွန်မြူနစ်ပါတီတွင်လည်းကောင်း၊ နိုင်ငံ၏ စစ်ဘက်ဆိုင်ရာ အမြင့်ဆုံးအဖွဲ့အစည်းဖြစ်သည့် အမျိုးသား ကာကွယ်ရေးကော်မရှင်တွင်လည်းကောင်း ထိပ်တန်းရာထူးများ ရရှိခဲ့သည်။

ဒီဇင်ဘာလစောစောပိုင်း၌ ၎င်းမှာ စစ်ဘက်ဆိုင်ရာ ထိပ်တန်းရာထူးမှ ဖယ်ရှားခြင်းခံရပြီး ၎င်း၏ လက်ထောက်နှစ်ဦးမှာလည်း ကွပ်မျက်ခြင်းခံခဲ့ရသည်။ **ဘီဘီစီ။**



မြောက်ကိုရီးယားနိုင်ငံ တရားရုံးတစ်ရုံး၌ တရားစီရင်ခြင်းခံရသည့် မစ္စတာချန်အား တွေ့ရစဉ်။

## အီရတ်တွင် ဗုံးခွဲတိုက်ခိုက်ခံရ ရဲအရာရှိငါးဦးသေဆုံးပြီး ၁၆ ဦး ဒဏ်ရာရ

**ဘဂ္ဂဒက် ဒီဇင်ဘာ ၁၃**

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်မြောက်ပိုင်းတွင် ဗုံးခွဲတိုက်ခိုက်ခံရသဖြင့် အီရတ်ရဲအရာရှိငါးဦး သေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိကြောင်း အီရတ်နိုင်ငံ လုံခြုံရေးတာဝန်ရှိပုဂ္ဂိုလ်က ဒီဇင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။

မြို့တော် ဘဂ္ဂဒက်မြောက်ဘက်မှ မိုင် ၃၀ ကွာဝေးသော တာမီရတ်မြို့တွင် ဒီဇင်ဘာ ၁၂ ရက်က အဆိုပါဗုံးပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

ဒဏ်ရာရရှိသွားသူများအား နီးစပ်ရာဆေးရုံသို့ ဆေးကုသခံယူနိုင်ရန် ပို့ဆောင်ပေးလိုက်ကြောင်း၊ သေဆုံးသူ ဦးရေမြင့်တက်လာနိုင်ကြောင်း ဆေးဘက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်၏ပြောကြားချက်အရ ၎င်းက ဖြည့်စွက်ပြောကြားသည်။

ယင်းလုပ်ရပ်များသည် မည်သည့်အုပ်စု၏ လက်ချက်ဖြစ်သည်ကို ခိုင်မာစွာမသိရသေးသော်လည်း အယ်လ်ခိုင်ဒါ အဆက်အနွယ်အုပ်စုများ၏ လက်ချက်ပင်ဖြစ်မည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ယူဆထားကြကြောင်း ပြောကြားသည်။ **ဆင်ဟွာ။**

## သူပုန်အဖွဲ့နှင့် ငြိမ်းချမ်းရေးစာချုပ် ကင်ညာတွင် ကွန်ဂိုအစိုးရ လက်မှတ်ထိုး

**နိုင်ရိုဘီ ဒီဇင်ဘာ ၁၃**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရသည် လွန်ခဲ့သည့်လ၌ ၎င်းတပ်ဖွဲ့များကနှိမ်နင်းခဲ့သော အမ် ၂၃ သူပုန်အဖွဲ့နှင့် ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ကင်ညာသမ္မတ၏ ပြောရေးဆိုခွင့်ရှိသူက ကြာသပတေးနေ့တွင် ပြောကြားသည်။

ကင်ညာနိုင်ငံ မြို့တော်နိုင်ရိုဘီ၌ ဒေသဆိုင်ရာခေါင်းဆောင်များ၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

လွန်ခဲ့သည့်လတွင် ယူဂန္ဒာနိုင်ငံက ကြားဝင်စေ့စပ်ညှိနှိုင်းပေးသောစာချုပ်ကို ကွန်ဂိုအစိုးရက လက်မှတ်ရေးထိုးရန် ငြင်းဆိုခဲ့သည်။

အစိုးရတပ်ဖွဲ့များနှင့် လက်နက်ကိုင်သူပုန်များအကြား တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားသဖြင့် အနည်းဆုံးပြည်သူ ၈၀၀၀၀၀ တို့မှာ ၎င်းတို့၏ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရသည်။

၂၀၁၂ခုနှစ် ဧပြီလတွင် ကွန်ဂိုအစိုးရသည် တွတ်စီလူနည်းစုကို ဘေးဖယ်ထားပြီး ယခင်ငြိမ်းချမ်းရေးစာချုပ်ကို လိုက်နာရန် ပျက်ကွက်သည်ဟု အမ် ၂၃ အဖွဲ့က စွပ်စွဲပြီး လက်နက်ကိုင် ပုန်ကန်ကြခြင်းဖြစ်သည်။ **ဘီဘီစီ။**



## ဖိလစ်ပိုင်နိုင်ငံတွင် မုန်တိုင်းဒဏ်ကြောင့် သေဆုံးသူဦးရေ ၆၀၀၀ ကျော်ရှိလာ

**မနီလာ ဒီဇင်ဘာ ၁၃**

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းတွင် နိုဝင်ဘာ ၈ ရက်ကတိုက်ခတ်ခဲ့သော ဟိုင်ယန်အမည်ရှိ တိုင်ဖွန်းမုန်တိုင်းဒဏ်ကြောင့် သေဆုံးသူဦးရေ မြင့်တက်လျက်ရှိရာ ယခုအခါ ၆၀၀၀ ကျော်ထိ ရှိလာပြီဖြစ်ကြောင်း ဒီဇင်ဘာ ၁၃ ရက် သတင်းတွင် ဖော်ပြသည်။

ယင်းမုန်တိုင်းဒဏ်ကြောင့် သေဆုံးသူပေါင်း ၆၀၀၉ ဦးရှိပြီး ၁၇၇၉ ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ ဒဏ်ရာရရှိသူပေါင်း ၂၇၀၂၂ ဦးရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ အမျိုးသားသဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် စီမံခန့်ခွဲရေးကောင်စီမှ အမှုဆောင်ဒါရိုက်တာ၏ ပြောကြားချက်ကို ကိုးကား၍ ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ဟိုင်ယန်မုန်တိုင်းဒဏ်ကို ဖိလစ်ပိုင်နိုင်ငံရှိ လူဦးရေ ၁၆သန်းကျော်ခံကြရကြောင်း၊ ၃ ဒသမ ၉ သန်းကို ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့နေရာချပေးခဲ့ရကြောင်း ၎င်းတာဝန်ရှိသူပုဂ္ဂိုလ်က ပြောကြားသည်။

မုန်တိုင်းဒဏ်ကြောင့် အခြေခံအဆောက်အအုံနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် စုစုပေါင်းဆုံးရှုံးမှုတန်ဖိုး အမေရိကန် ဒေါ်လာ ၈၀၃ ဒသမ ၁၇ သန်းခန့်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

**မင်္ဂလာညစာ်ခံပွဲကိုရက်ရွှေ့ဆိုင်းခြင်း**

ကျွန်တော် မောင်တေဇာလင်းနှင့် မသင်းသင်းလှိုင်တို့၏ ၁၅-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ အလုံမြို့နယ်၊ သခင်မြပန်းခြံ (Western Park) တွင် ကျင်းပမည့် ညစာ်ခံပွဲအား ဖခင် ဦးစန်းလှိုင် နာရေးကိစ္စကြောင့် မင်္ဂလာပွဲအား ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ပါသည်။

မောင်တေဇာလင်း-မသင်းသင်းလှိုင်











## (၃၉)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနား

ရန်ကုန်မြို့၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဌာနမှကြီးမှူးပြီး ရန်ကုန်မြို့ရှိ ရခိုင်လူမှုရေးအသင်းအဖွဲ့များမှ စုပေါင်းကျင်းပသော (၃၉)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ရန်ကုန်မြို့၊ သာကေတမြို့နယ်ရှိ တိုင်းရင်းသားကျေးရွာ၌ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပါ၍ တိုင်းရင်းသားညီအစ်ကို မောင်နှမများအနေဖြင့် ကြွရောက်ချီးမြှောက်ကြပါရန် လေးစားစွာဖိတ်ကြားပါသည်။

ရခိုင်ပြည်နယ်နေ့ အခမ်းအနားတွင် ရခိုင်ရိုးရာကျင်ကိုင်ပွဲ၊ ရခိုင်တေးဂီတဖျော်ဖြေပွဲ၊ ရခိုင်ယဉ်ကျေးမှုပြခန်း၊ အမှတ်တရပစ္စည်းများနှင့် ရခိုင်စားသောက်ဖွယ်ရာများ ရောင်းချပွဲတို့ပါဝင်မည်ဖြစ်ပါသည်။

**အခမ်းအနားအစီအစဉ်**

**၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၈း၀၀ နာရီမှ ညနေ ၆း၀၀ နာရီထိ ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို နံနက် ၈း၀၀နာရီတွင် ပြုလုပ်မည်ဖြစ်ပါ၍ နံနက် ၇း၃၀နာရီ အရောက်လာပါရန်။**

**ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန**
**ရခိုင်ပြည်နယ်နေ့အခမ်းအနားကျင်းပရေးကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီး**

(ရခိုင်ရိုးရာကျင်ကိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသော ကျင်သန်များအနေဖြင့် လူဦးရေကန့်သတ်ထားပါ၍ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက် မွန်းတည့် ၁၂ နာရီထက် နောက်မကျစေဘဲ အောက်ပါဖုန်းနံပါတ်များသို့ စာရင်းပေးသွင်းကြပါရန်)

**ဦးကျော်ဝင်းချေ ဖုန်း-၀၉-၇၃၂၂၃၉၂၁၊**
**ဦးစောဟန်သိန်း ဖုန်း-၀၉-၈၆၃၆၁၄၀၊**
**ဦးရွှေဝင်း ဖုန်း-၀၉-၅၀၅၀၂၀၀**

## ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်
## ၂၀၀၁-၂၀၀၂ ဘူမိဗေဒ

ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဆက်သွယ်လျှုဒါန်းနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်**

ရှိုင်းသာဌေး-၀၉-၂၀၃၃၃၃၃
